# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်

# အမျိုးသားစီမံကိန်းဥပဒေ၏နောက်ဆက်တွဲများ

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | ၂ | ၃ |
| ၆ | | **နောက်ဆက်တွဲများ** | |
| | | **နောက်ဆက်တွဲ(၁)** | ၁-၁၁၈ |
| | | ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ် | |
| | | **နောက်ဆက်တွဲ(၂)** | ၁-၂၀၁ |
| | | ၂၀၁၂–၂၀၁၃ ခုနှစ်၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက် | |
| | | **နောက်ဆက်တွဲ(၃)** | ၁-၁၃၁ |
| | | ကဏ္ဍအလိုက် ထုတ်လုပ်မှု ဝန်ဆောင်မှု ရည်မှန်းချက်များ | |

# ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | ၂ | ၃ |
| | | နောက်ဆက်တွဲ(၁) | |
| | | **ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်** | |
| | ၁ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၁ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၂ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၇ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၄ | စွမ်းအင်ကဏ္ဍ | ၁၀ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၁၁ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၆ | စက်မှုလက်မှုကဏ္ဍ | ၁၃ |
| | | စက်မှု | |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | မြန်မာ့စက်မှုဖွံ့ဖြိုးရေး | ၁၇ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

### မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | ၂ | ၃ |
| | ၇ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၂၀ |
| | | အမှတ်(၁)လျှပ်စစ်စွမ်းအား | ၂၀ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | အမှတ်(၂)လျှပ်စစ်စွမ်းအား | ၂၁ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၈ | ဆောက်လုပ်မှုကဏ္ဍ | ၂၇ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၉ | ပို့ဆောင်ရေးကဏ္ဍ | ၃၃ |
| | | ပို့ဆောင်ရေး | |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ရထားပို့ဆောင်ရေး | ၃၇ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၀ | ဆက်သွယ်ရေးကဏ္ဍ | ၃၈ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၁ | ငွေရေးကြေးရေးကဏ္ဍ | ၄၁ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၂ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၄၃ |

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ၂ | ၃ |
| | ပညာရေး | |
| | အခြေခံပညာ | ၄၃ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | အဆင့်မြင့်ပညာ | ၄၇ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | သိပ္ပံနှင့်နည်းပညာ | ၅၁ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ကျန်းမာရေး | ၅၂ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ယဉ်ကျေးမှု | ၅၆ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ပြန်ကြားရေး | ၆၃ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | အလုပ်သမား | ၆၆ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၇၂ |
| | မူဝါဒ | |

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ၂ | ၃ |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | သာသနာရေး | ၇၅ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၇၈ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | အားကစား | ၈၃ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | နိုင်ငံခြားရေး | ၈၇ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး | ၈၉ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ကာကွယ်ရေး | ၉၃ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ပြည်ထဲရေး | ၉၆ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၁၀၉ |
| | မူဝါဒ | |

## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ်

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် လယ်ယာကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း

(၁) မူဝါဒ များမှာအောက်ပါ အတိုင်းဖြစ်သည်

(ကက) ရေမြေဒေသအခြေအနေနှင့်ကိုက်ညီပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံမျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ် သုံးစွဲ စိုက်ပျိုးရေးကို ဆောင်ရွက်သွား မည်။

(ခခ) တောင်သူလယ်သမားများနှင့် ဝန်ထမ်းများအား စိုက်ပျိုးရေး နည်းပညာများ လေ့ကျင့် ပညာပေးခြင်း၊ စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ စိုက်ပျိုးရေး ဘာသာရပ်အား တိုးချဲ့ သင်ကြားပေးခြင်း လုပ်ငန်းများကို ဆောင်ရွက် သွားမည်။

(ဂဂ) လယ်ယာကဏ္ဍ ရေရှည်တည်တံ့ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေး ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development) ကို အကောင်အထည် ဖော် ဆောင်ရွက်သွားမည်။

(ဃဃ) တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကို ကာကွယ် စောင့်ရှောက် မည်။

(ငင) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်း ရရှိရေး ကူညီ ဆောင်ရွက်မည်။

(စစ) သီးနှံစိုက်ပျိုး ထုတ်လုပ်မှုတွင် ကုန်ကျစရိတ် လျှော့နည်းရေး၊ အရည်အသွေး မြင့်မားရေး၊ ဈေးကွက်ခိုင်မာရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေးတို့ကို ကူညီဆောင်ရွက်မည်။

(ဆဆ) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအားပေး ဆောင်ရွက် မည်။

(ဇဇ) နှစ် ကာလကြာမြင့်သည်နှင့်အမျှ ပျက်စီးယိုယွင်းမှုရှိလာသည့် ဆည်တာတမံ နှင့် မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေလုပ်ငန်းများကို ပြုပြင် မွမ်းမံ ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း၊ ဆည်ရေသောက်စနစ်များ ထိန်းသိမ်း ခြင်း၊ မြောင်းစနစ်များတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(ဈဈ) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျှော့ချရေးကို အထောက်အကူပြုသွားမည်။

(ညည) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ် ရောင်းချခွင့်ပြုပြီး နိုင်ငံတကာ ဈေးကွက်ရရှိရေးအတွက် ကူညီဆောင်ရွက် ပေးမည်။

(ဋဋ) ခေတ်မီစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာများ တိုးတက် ထွန်းကား လာစေရန်နှင့် စီးပွားဖြစ် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းကြီးများ ပေါ်ပေါက်လာစေရန် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေး ဆောင်ရွက်သွားမည်။

(ဌဌ) လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ပြောင်းလဲ လာသည့် စီးပွားရေးစနစ်နှင့်အညီ လိုအပ်သည်များ ပြုပြင်ပြဋ္ဌာန်းရေး ဆောင်ရွက်သွားမည်။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(កក) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးကို ပြည်နယ်/တိုင်းဒေသကြီး များတွင် တိုးချဲ့ ဆောင်ရွက်ရန်၊

(ခခ) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စပ်မျိုးစပါး၊ စပ်မျိုးနေကြာ အပါအဝင် အဓိကသီးနှံများတွင် အထူးအထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုး သွားရန်၊

(ဂဂ) စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေကွက် (Mechanized Farm)များကို ဆက်လက် တိုးချဲ့ ဖော်ထုတ်သွားရန်၊

(ဃဃ) တည်ဆောက်ပြီး ရေလွှဲဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင် စသည့် ရေရရှိရေး လုပ်ငန်းများ စွမ်းဆောင်ရည် တိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ငင) ရေလွှဲဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင် စသည့် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းများ ပြည့်မီရေး စနစ်တကျ ဆောင်ရွက်ရန် ၊

(စစ) မုန်တိုင်းနှင့် ပင်လယ်ဒီလှိုင်းများ ကျရောက်တတ်သော ဒေသများတွင် ဒီရေတား တာတမံများ စနစ်တကျ စံချိန်စံညွှန်းမီ တည်ဆောက်သွားရန်၊

(ဆဆ) စိုက်ပျိုးရေးဘွဲ့ရပညာရှင်များ၊ စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ရများ လေ့ကျင့်မွေးထုတ် သွား ရန်၊

(ဇဇ) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်း များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(ဈဈ) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသွားရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ် အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက် ဧရိယာများစာရင်း ကောက်ယူရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွား ပါမည်။

(ခခ) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်အတွက် အမျိုးသားရိက္ခာသီးနှံဖြစ်သည့် ဆန်စပါးတွင် စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက် သွားပါမည်။ ပြည်နယ် နှင့်တိုင်းဒေသကြီးများတွင် ဧက(၁၀၀)စီ စပ်မျိုးစပါး မျိုးစေ့ ထုတ်လုပ်သွားနိုင်ရေး အတွက် ဆန်စပါး အထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီး ဌာန၏ လေ့ကျင့် မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီ ဆောင်ရွက်သွားပါ မည်။

(ဂဂ) ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် စပါးမျိုးများ၊ စပ်မျိုး စပါးမျိုးများ စိုက်ပျိုး ထုတ်လုပ်ခြင်းကို ဈေးကွက်နှင့် ဒေသလိုအပ်ချက်ပေါ် မူတည်၍ မြို့နယ်အဆင့်အထိ တိုးချဲ့ ဆောင်ရွက်သွားပါမည်။

(ဃဃ) သုတေသနလုပ်ငန်းများ၊စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့် သင်ကြားခြင်း များ ဆက်လက်ဆောင်ရွက်သွားပါမည်။

(ငင) ဆည်တာတမံများ လုပ်ငန်းများ အနေဖြင့် ဆောင်ရွက်ဆဲ စီမံကိန်း လုပ်ငန်း (၄၇)ခုအနက် စီမံကိန်း လုပ်ငန်း(၄၅)ခုမှာ (၁၁၄၃၅၉)ဧက အကျိုးပြုနိုင်ရန် ဖြစ်ပြီး၊ စီမံကိန်း(၂)ခုမှာ ရေကြီးမှု ကာကွယ်ရန် ဖြစ်ပါသည်။ ဆောင်ရွက်ဆဲ ဆည်ရေသောက်စနစ် (၅)ခု နှင့် ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်း (၇)ခု၊ ပေါင်း(၁၂)ခုကို ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း အပြီး တည်ဆောက်မည်ဖြစ်ပါသည်။ ဖြည့်စွက်လုပ်ငန်း စီမံကိန်း(၄၂)ခုကို ဆောင်ရွက်ခြင်းဖြင့် မူလ ဆည်ရေသောက် ဧရိယာ(၉၉၁၈)ဧကကို ရေသေချာစေမည် ဖြစ်ပြီး ဧရိယာ (၈၃၈၀) ဧကကို ရေဘေး ကာကွယ်နိုင် မည် ဖြစ်ပါသည်။ လုပ်ငန်းစီမံကိန်းသစ် အနေဖြင့် (၁၅)ခု ထပ်မံတည်ဆောက်မည် ဖြစ်ရာ လုပ်ငန်း (၁၁)ခုမှာ ရေကြီးမှုကာကွယ်ရန် ဖြစ်ပြီး လုပ်ငန်း (၃)ခုမှာ ဧက(၆၅၀၀)

စိုက်ပျိုးရေ ရရှိရန် ဖြစ်ပါသည်။ထို့အပြင်သာစည်မြို့နယ်အတွင်း ရှိ ပုဂ္ဂလိက ကန်(၈)ခုနှင့် ဆည်မြောင်း ကန် (၃)ခုတို့ကို ပြုပြင်ရန် ဆောင်ရွက်သွား ပါမည်။

(စစ) ဆည်တာတမံများ အရေးပေါ် ပြုပြင်ရန် လိုအပ်သည့်အခါ နှင့် ရေရှည် ထိန်းသိမ်းမှု၌ ဒေသခံ တောင်သူလယ်သမားများ၏ အကူအညီဖြင့် လက်တွဲ ပူးပေါင်း ဆောင်ရွက်သွား ပါမည်။

(ဆဆ) လျှပ်စစ်မြစ်ရေတင် လုပ်ငန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက (၅၀၀၀)၊ မကွေးတိုင်း ဒေသကြီးတွင် ဧက(၅၀၀၀)နှင့် မန္တလေးတိုင်း ဒေသကြီးတွင် ဧက(၃၀၀၀) စုစုပေါင်း ဧက(၁၃၀၀၀)ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်သွား ပါမည်။

(ဇဇ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးဘွဲ့ရ ပညာရှင်(၅၀၀)ဦး၊ စိုက်ပျိုးရေး သိပ္ပံကျောင်းများမှ ဒီပလိုမာဘွဲ့ရ (၅၉၅)ဦး မွေးထုတ်သွားပါ မည်။

(ဈဈ) စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်းပေါင်း(၄၀၇၇၉၂)ထုတ်ချေးပေးသွားပါမည်။

၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် သားငါးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) မွေးမြူရေးနှင့်ရေလုပ်ငန်း

(၁) မူဝါဒမှာ ငါးနှစ်စီမံကိန်းမူဝါဒများအရသတ်မှတ်ထား သည့်စီမံကိန်း ဒုတိယ နှစ် (၂၀၁၂-၂၀၁၃ ) ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေး ဖြစ် သည်။

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) စီမံကိန်းကာလအတွင်း အသားထုတ်လုပ်မှုကို ၈.၄% တိုးတက် ဖြစ်ပေါ် အောင် ဆောင်ရွက်ရန်၊

(ခခ) အသားထုတ်လုပ်မှုကို ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၈.၄%တိုးတက် ရရှိစေရန်၊

(ဂဂ) အသားတင် ထုတ်လုပ်မှုတန်ဖိုး (GVA) တိုးတက်မှုကို ကာလတို ငါးနှစ် စီမံကိန်း၏ ပထမနှစ်ထက် (၇) % နှင့် အဆ အားဖြင့် (၁.၀၇) ဆရရှိစေရန်၊

(ဃဃ) ပျားရည်ထုတ်လုပ်မှုကို တစ်နှစ် ( ၁၂.၅) % ၊ ပျားထွက်ပစ္စည်း ထုတ်လုပ်မှု ကို တစ်နှစ် (၀.၅၉)%အသီးသီးတိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။ ဒုတိယနှစ် ( ၂၀၁၂-၂၀၁၃ )ခုနှစ်တွင်စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုး (GOV) ကိုပုံမှန်ဈေးနှုန်း အရအခြေခံနှစ်အပေါ် ( ၁.၁၉ ဆ ) ဖြစ်ပေါ်ရန်၊

(ငင) ငါးထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် (၆.၄)% တိုးတက် ရရှိရန်၊

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှအရင်းအနှီးနှင့်နည်းပညာများရယူနိုင်ရေးအတွက်ကူညီဆောင်ရွက် သွားပါမည်။

(ခခ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ထုတ်လုပ်မှုစရိတ် လျှော့ချပြီး အရည်အသွေး ကောင်းမွန်သောထွက်ကုန်များကို သွင်းကုန်အစားထိုးရေးနှင့် ပြည်ပဈေးကွက် ရရှိရေးဆောင်ရွက်သွားပါမည်။

(ဂဂ) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေးနှင့် မွေးမြူထုတ်လုပ်မှုတိုးတက်စေရေးအတွက် ထိရောက်စွာ ကြီးကြပ် ဆောင်ရွက်သွားပါမည်။

(ဃဃ) ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး၊ ပြည်တွင်း၊ပြည်ပဈေးကွက်ပိုမိုတိုးချဲ့ဆောင်ရွက်သွားပါမည်။

(ငင) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက်ပြည်ပသို့ငါးပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍တွန်းအားပေး ဆောင်ရွက်သွား ပါမည်။

(စစ) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း (Closed Area နှင့် Closed Season) ငါးလုပ်ငန်း ဆိုင်ရာ တည်ဆဲဥပဒေများ ကြီးကြပ်ကွပ်ကဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင် ရွက် ခြင်း လုပ်ငန်းများကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(ဆဆ) ငါးလုပ်ငန်း စစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနအနေဖြင့် အဏုစိပ် ဓါတ်ခွဲခန်း ( Micro Lab )များကိုနယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင် ဆောင်ရွက်သွားပါမည်။

(ဇဇ) ရေချိုငါးလုပ်ငန်းနှင့်ပတ်သက်၍ ရေချိုပုစွန် မွေးမြူနိုင်ရေးအတွက် Monoculture မှPolyculture သို့ပြောင်းလဲဆောင်ရွက်ခြင်း၊အင်းအိုင်များ Capture based Culture Fisheries နှင့် Culture based Capture Fisheries လုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

(ဈဈ) ကျေးလက်နေပြည်သူများအပိုဝင်ငွေရရှိရန်သားငါးဆိုင်ရာခေတ်မီ နည်းပညာသစ်များ သင်တန်းပို့ချပေးခြင်းဖြင့်ပေါင်းစည်းလယ်ယာစနစ်(Integrated Farming System) ပေါ်ထွက်လာစေရေး ကူညီဆောင်ရွက် သွားပါမည်။

(ညည) ဌာနပိုင် အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ်သေချာမည့်မွေးမြူရေးလုပ်ငန်းများတွင်တိုးချဲ့ဆောင်ရွက်မည်။

(ဋဋ) မြန်မာနိုင်ငံတွင်ဖြစ်ပွါးလေ့ရှိသော တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများကို လုံလောက်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး၊ နိုင်နင်းစွာကာကွယ်နိုင်ခဲ့ပြီဖြစ်သော်လည်းထပ်မံ ရင်ဆိုင်ရမည့် ဆုံးရှုံးမှုကြီးမားသော တိရစ္ဆာန် ရောဂါများကို သုတေသနပြုခြင်း၊ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မည်။

(ဌဌ) သုတေသန ဓါတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ကျွမ်းကျင် ပညာရှင်များ လေ့ကျင့် မွေးထုတ်ခြင်း၊နိုင်ငံတကာအကူအညီများ ညှိနှိုင်း ရယူခြင်းများကိုဆောင်ရွက်မည်။

(ဍဍ) စံချိန်စံညွှန်းမှီ တိရစ္ဆာန်ကုသဆေးဝါးများ၊ တိရစ္ဆာန်အစားအစာ များ ထုတ်လုပ်ခြင်း နှင့် အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်မည်။

(ဎဎ) ငါး၊ ပုစွန်၊ ပုစွန်ကျား (ရခိုင်ပြည်နယ်အတွက်ဦးစားပေး) နွား၊ ဝက် စသည်ဖြင့် လိုအပ်သော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များကို ဒေသ အလိုက် လိုအပ်ချက်နှင့်အညီ လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်မည်။

(ဏဏ) နိုင်ငံခြားကုမ္ပဏီများ၏ ငါးဖမ်းသင်္ဘောများ ဖမ်းဆီးရမိသည့် ကုန်ကြမ်းများကို ပြည်တွင်းသို့သာ ပြန်လည်တင်ပို့လျှက် ပြည်တွင်းရှိစက်ရုံများ တည်ထောင်ကာ ပြုပြင်ထုတ်လုပ်မှုကိုခွင့်ပြုသည့် ဖက်စပ်ငါးဖမ်းခွင့်ကို ခွင့်ပြုသင့်သည်။

၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် သစ်တော ကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) သစ်တောရေးရာ

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) ရေမြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်း ကာကွယ်ရေး၊

(ခခ) သဘာဝတောများ ထိန်းသိမ်း ကာကွယ်ခြင်းနှင့် သစ်တော စိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဉတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက် အကူ ပြုစေရေး၊

(ဂဂ) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တော ထွက်ပစ္စည်း လိုအပ်ချက် များ ဖြည့်ဆည်း ပေးရေး၊

(ဃဃ) သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောများ အုပ်ချုပ် လုပ်ကိုင်မှု တို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက် လာစေ ရေး၊

(ငင) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲ နိုင်ရေးနှင့် ပြည်သူလူထု မှ နေအိမ်များ ဆောက်လုပ်ရာတွင် လိုအပ် လျက် ရှိသော သစ်များကို ဖြည့်ဆည်း ရောင်းချပေးနိုင်ရေး၊

(စစ) သစ်တော သယံဇာတများ ထုတ်ယူ သုံးစွဲရာတွင် အလေအလွင့်နည်းပါး ပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက် ဖြစ်ထွန်း ပေါ်ပေါက်လာ စေရေး၊

(ဆဆ) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက် မြင့်မားရေး၊

(၂) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ခြင်းဖြင့် တစ်ဖက်မှ လည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက် မည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) သဘာဝတောများ ထိန်းသိမ်းကာကွယ်မည်။

(ခခ) ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ ဖွဲ့စည်း သတ်မှတ်မည်။

(ဂဂ) အပူပိုင်းဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းမည်။

(ဃဃ) ရေဝေရေ လဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်း တာတမံများ ရေရှည် တည်တံ့ စေရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်မည်။

(ငင) အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေး အတွက် သစ်တော စိုက်ခင်းများ တည်ထောင် ထိန်းသိမ်းမည်။

(စစ) အပူပိုင်းဒေသအတွင်းရှိ တောင်စဉ်တောင်တန်း ၁၇ ခု စိမ်းလန်းစိုပြည် လာ စေရေး အတွက် စီမံချက်ဖြင့် ဆောင်ရွက်မည်။

(ဆဆ) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေး အတွက် စီးပွားရေး စိုက်ခင်းများ တည်ထောင်မည်။

(ဇဇ) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျော့ချနိုင်ရေး အတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့် မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများ တိုးမြှင့် သုံးစွဲလာရေး ကို ထိထိရောက်ရောက် စည်းရုံး ဆောင်ရွက်မည်။

(ဈဈ) မြေအခြေအနေပေးသော ကျေးရွာများ၊ မြို့များတွင် ထင်းစိုက်ခင်း များကို စီမံချက်ဖြင့် ပြည်သူလူထုကို စည်းရုံးစိုက်ပျိုးမည်။

(ညည) အပူပိုင်းဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်း နိမ့်ကျ ခြင်း မှ ကာကွယ်နိုင်ရေး အတွက် နုန်းတားဆည်ငယ်များ တည်ဆောက် သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော် မည်။

(ဋဋ) ကျေးလက်ပြည်သူများ၏ အခြေခံ သစ်တောထွက်ပစ္စည်း လိုအပ်ချက် များ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံ ပြည်သူ အစု အဖွဲ့ပိုင် သစ်တောများ တည်ထောင်မည်။

(ဌဌ) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် များ ဖြန့်ဝေ ပေးမည်။

(ဍဍ) သစ်တော ထိန်းသိမ်းမှု လုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင် လာစေ ရေး အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်။

(ဎဎ) ကျွန်းနှင့် သစ်မာများကို နှစ်စဉ် တောထွက်အပေါ် အခြေခံ၍ စိစစ် ထုတ်လုပ်မည်။

(ဏဏ) သစ်မဟုတ်သည့် အခြား သစ်တောထွက် ပစ္စည်းများကို စီမံကိန်း လျာထားချက် ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲမည်။

(တတ) ခေတ်မီ စက်ယန္တရားဖြင့် သစ်ထုတ်ရေး အင်အား တိုးမြှင့်သွားရန်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်သည့် ဆင်ဖြင့် သစ်ထုတ် နည်းစနစ်ကို ဆက်လက် ဆောင်ရွက်မည်။

(ထထ) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်မည်။

(ဒဒ) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု သက်သာ စေသော သစ်ထုတ် နည်းလမ်းများကို လိုက်နာ ဆောင်ရွက်မည်။

(ဓဓ) ရောင်းတန်းဝင် သစ်မျိုးနှင့်အတူ လူသုံးနည်း သစ်မျိုးများကို တွဲဖက် ထုတ်လုပ် မည်။

(နန) သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး အတွက် လိုအပ်သော သစ်လုံး ကုန်ကြမ်း ရရှိရေး စီမံ ဆောင်ရွက်မည်။

(ပပ) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား ကုန်ကြမ်းများ ရောင်းချပေးမည်။

(ဖဖ) သစ်အခြေခံ စက်မှုလုပ်ငန်း ထွက်ကုန် အမယ်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့် အမျှ ပြည်တွင်း အလုပ်သမားများ အတွက် ခေတ်မီ နည်းပညာ သစ်များ ရရှိလာစေရန် ဆောင်ရွက်မည်။

(ဗဗ) လူသုံးနည်းသစ် များကို နည်းပညာ သစ်များ အသုံးပြု၍ အဆင့်မီ ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်ရေး ကြိုးပမ်း ဆောင်ရွက် မည်။

(ဘဘ) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန် လုပ်ငန်းခွင် သင်တန်းများ အပြင် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များ နှင့်အညီ ဖွင့်လှစ် ပို့ချ သွားရန်၊ ပြည်တွင်း/ပြည်ပသင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ အစည်းအဝေး များသို့ ဝန်ထမ်းများအား စေလွှတ်မည်။

(မမ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစီးဌာန တစ်ခု ဖွဲ့စည်း၍ စီမံဆောင်ရွက်မည်။

၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် စွမ်းအင်ကဏ္ဍနှင့် စပ်လျဥ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဥ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) စွမ်းအင်

(၁) မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) စွမ်းအင်မှီခိုမှုကင်းသောအခြေအနေကို ထိန်းသိမ်းသွားရန် ၊

(ခခ) ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု နိုင်ရေး အတွက်မြှင့်တင်ဆောင်ရွက်ရန် ၊

(ဂဂ) စွမ်းအင်အသုံးပြုနိုင်မှု စွမ်းရည် တိုးမြှင့်လာစေရေးနှင့် စွမ်းအင်ခြိုးခြံ ချွေတာရေး တို့ကို မြှင့်တင်ဆောင်ရွက်ရန် ၊

(ဃဃ) အိမ်သုံးစွမ်းအင်အဖြစ် အခြားအစားထိုး စွမ်းအင် အမျိုးအစားများကို အသုံးပြု နိုင်ရေး အတွက် မြှင့်တင်ဆောင်ရွက်ရန် ၊

(ငင) ရှာဖွေတွေ့ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူတစ်ရပ်လုံး အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံး ရရှိခံစားနိုင်မည့် သုံးစွဲမှုဖြစ်စေရေး ဆောင်ရွက်သွားရန်၊

(စစ) ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်ရေး မြှင့်တင်ဆောင်ရွက်ရန် ၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) ရေနံစိမ်းထုတ်လုပ်မှုကို နိုင်ငံပိုင်ကဏ္ဍ၊ သမဝါယမကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍတို့မှ ၂၀၁၁-၂၀၁၂ခုနှစ်ထက် ၃.၉၆ ရာခိုင်နှုန်း၊ သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ခုနှစ်ထက် ၂.၀၈ ရာခိုင်နှုန်း တိုးတက် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

(ခခ) ဓါတ်ဆီထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ခုနှစ်ထက် ၂.၁၀ ရာခိုင်နှုန်း၊ ဒီဇယ်ဆီထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ခုနှစ်ထက် ၀.၂၉ ရာခိုင်နှုန်း၊ လေယာဉ်ဆထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၀.၄၉ ရာခိုင်နှုန်း၊ ဓာတ်မြေသြဇာထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၃၉.၂၈ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂဂ) ဓာတ်ဆီဖြန့်ဖြူးမှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၂.၁၀ ရာခိုင်နှုန်း၊ ဂျက် လေယာဉ်ဆီဖြန့်ဖြူးမှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၀.၂၅ ရာခိုင်နှုန်း၊ ဆီးထိုးဆီ ဖြန့်ဖြူးမှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၇.၀၉ ရာခိုင်နှုန်း တိုးတက်ဖြန့်ဖြူးရန် ရည်မှန်းထားပါသည်။

(ဃဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ်တွင် ဒီဇယ်ဆီကို ပုဂ္ဂလိက ကဏ္ဍမှ လွတ်လပ်စွာ ပိုမိုဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံပိုင်ကဏ္ဍတွင် ပြည်ပမှတင်သွင်း ဖြန့်ဖြူးရောင်းချသည့်အပိုင်းကိုလျော့ချရန် ရည်ရွယ်ထားပါသောကြောင့် ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ်(ပြုပြင်ပြီးခန့်မှန်းခြေ)ထက် ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ) စာရင်းတွင် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမှုကို ၈ ရာခိုင်နှုန်းလျော့ချရန်ရည်မှန်းထားပါသည်။

(ငင) ယူးရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးမှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၃၉.၂၈ ရာခိုင်နှုန်း တိုးတက်ဖြန့်ဖြူးရန်လျာထားပါသည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) ရေနံနှင့် သဘာဝဓါတ်ငွေ့ တိုးချဲ့ရှာဖွေ ထုတ်လုပ်ရေးကို ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိက လုပ်ငန်းများအား ဖိတ်ခေါ်ပြီး ရေနံမြေသစ်များ တိုးချဲ့ရှာဖွေ ထုတ်လုပ် သွားမည် ဖြစ်ပါသည်။

(ခခ) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်း ဟောင်းများကို ထုတ်လုပ်မှုလျော့နည်းခြင်းအနည်းဆုံးဖြစ်အောင်ထိန်းသိမ်း ဆောင်ရွက်သွားမည်။

(ဂဂ) ရေနံနှင့် သဘာဝ ဓါတ်ငွေ့ ထုတ်လုပ် ရာတွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကို အလေးထားဆောင်ရွက်မည်။

၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်း ကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) သတ္တုတွင်း

(၁) မူဝါဒများ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) နိုင်ငံတော်၏ ဓါတ်သတ္တု သိုက်များအား ခေတ်မီ နည်းပညာ များဖြင့် အဆင့်မြှင့် တင်၍ လေလွင့် ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်နိုင် ရေးသို့ ရှေ့ရှု ဆောင်ရွက်ရန်၊

(ခခ) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓါတ်သတ္တု ထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေး ဆောင်ရွက်ရန်၊

(ဂဂ) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓါတ်သတ္တု ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာ ဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာ ပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဃဃ) ဓါတ်သတ္တု သယံဇာတ ပစ္စည်းများ  သုံးစွဲရာတွင်  ပြည်ပမှ တင်သွင်းရသည့် ဓါတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ် အစားထိုးရန်၊

(ငင) နိုင်ငံတော်၏ လုံခြုံရေးနှင့် စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက် ဓါတ်သတ္တုများကို စနစ်တကျ ထုတ်လုပ် စုဆောင်းထားရှိ သွားရန်၊

(စစ) ဓါတ်သတ္တု ထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေ သဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက် ယိုယွင်း ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၂) ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ဝန်ကြီးဌာန၏ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ် မြေအောက် သယံဇာတ ဓါတ်သတ္တု သိုက်များ တိုးတက်ရှာဖွေ ထုတ်လုပ်ပြီးနိုင်ငံတော်၏ အမျိုးသားဝင်ငွေတိုးတက်စေရေး အထောက် အကူ ပြုရန် ဆောင်ရွက်ရမည်။

(ခခ) နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်နှင့် အညီ ဓါတ်သတ္တု ကဏ္ဍနှင့် ရေရှည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်  နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်း များကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့  မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်း ဆောင်ရွက် ရမည်။

(ဂဂ) ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓါတ်သတ္တုမျိုးစုံ ထုတ်လုပ် ရေးကဏ္ဍ ဖွံ့ဖြိုးစေရန်၊ ဓါတ်သတ္တု ထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြု နိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက် ရမည်။

(ဃဃ) မြန်မာနိုင်ငံ အတွင်း၌ပင် ကျောက်မျက် ရတနာရွေးကွက်  ဖြစ်ထွန်း ပေါ်ပေါက်၍ ရေရှည် တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော် အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်း သုံးငွေများ တိုးတက်ရှာဖွေပေး နိုင်ရေး  နည်းလမ်း များ  ရှာဖွေ ဆောင် ရွက်ရမည်။

(ငင) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် မြန်မာ့ပုလဲများကို တစ်နှစ်ထက် တစ်နှစ် တိုးမြှင့် ထုတ်လုပ်ပြီး တိုးတက် ရောင်းချနိုင်ရေး  ဆောင်ရွက် ရမည်။

(စစ) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏  အမျိုးသားကျန်းမာရေးကို အထောက် အကူပြု သည့် အိုင်အိုဒင်းဆားကို  လုံလောက်စွာ  စားသုံးနိုင်သည်အထိ ထုတ်လုပ်မှုကို  တိုးမြှင့်ဆောင်ရွက်လာရေး  ကြီးကြပ်ဖော်ဆောင်ရမည်။

(ဆဆ) ဓါတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိ စေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်ရမည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်း ကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပါမည်။

(ခခ) ဈေးကွက် စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ် နိုင်ရေး ဆောင်ရွက် ပါမည်။

(ဂဂ) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသား ဝင်ငွေ တိုးတက် စေရန် စီမံဆောင်ရွက် ပါမည်။

(ဃဃ) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တု တွင်း ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ကြီးကြပ်စီမံကွပ်ကဲ ဆောင်ရွက် ပါမည်။

(ငင) ခွင့်ပြုမိန့်ချမှတ် ပေးထားသော ပုဂ္ဂလိက လုပ်ငန်းရှင်များက နိုင်ငံတော် သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအား ပေး ဆောင်ရွက် ပါမည်။

(စစ) နိုင်ငံတော် အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံး ကျပ်ငွေများ တိုးတက် ရရှိစေရန် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲကို တစ်နှစ်လျှင် အနည်းဆုံး (၃) ကြိမ် ရောင်းချနိုင်ရေး ဆောင်ရွက် ပါမည်။

(ဆဆ) ပုလဲ အရည်အသွေး တိုးတက် ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့် သုတေသန လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက် ပါမည်။

(ဇဇ) အရည်အသွေး ပြည့်ဝသော အိုင်အိုဒင်းဆား ထုတ်လုပ်မှု တိုးတက်လာ စေရန် ဦးတည် ဆောင်ရွက်သွားပါမည်။

၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် စက်မှုလက်မှုကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) စက်မှုဝန်ကြီးဌာန

(၁) မူဝါဒများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်း ရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာ

ထုတ်ကုန်များ တန်ဘိုးမြှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့်အလတ်စား စက်မှု လုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(ခခ) အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစား စက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များတိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(ဂဂ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေး၊

(ဃဃ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှု များ ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(ငင) ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုရန်နှင့် ပြည်တွင်းရှိ အခြေခံကုန်ကြမ်းများဖြင့် တန်ဘိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး၊

(စစ) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မြှင့်တင်ပေးရေး၊ နည်းပညာ အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်လေ့ကျင့် မွေးထုတ်ရေး၊

(ဆဆ) စွမ်းအင်ကိုအကျိုးရှိ ထိရောက်စွာ အသုံးချရေး၊ ခြိုးခြံချွေတာရေးနှင့် ပြန်လည် ပြည့်ဖြိုး မြဲစွမ်းအင် အသုံးချရေး၊

(ဇဇ) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု ၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် အမျိုးသားရေး ရည်မှန်းချက်ဖြင့် ဆောင်ရွက် ကြိုးပမ်းရမည်။

(ခခ) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက် ရမည်။ ၎င်းမှတစ်ဆင့် လိုအပ်မည့်အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ထုတ်လုပ်မှုကဏ္ဍ ၊ ဝန်ဆောင်မှုကဏ္ဍ ၊ ဘက်စုံမီဒီယာအတွဲအခိုင် နှင့် ငွေကြေးကဏ္ဍ တို့ ဟန်ချက်ညီညီဆောင်ရွက်ရမည်။

(ခခ) စက်မှုလုပ်ငန်းများအား အောက်ပါအတိုင်း ဦးစားပေး/တပြိုင်နက်တည်း ဆောင်ရွက်ရမည် -

- အပေါ့စား စက်မှုလုပ်ငန်း(ဥပမာ-အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများ)၊
- ပြည်ပပို့ကုန်မြှင့်တင်ရေး/ ပြည်ပသွင်းကုန် အစားထိုးစက်မှု လုပ်ငန်းများ၊
- အလုပ်သမားအများအပြား သုံးရသည့် စက်မှုလုပ်ငန်းများ၊
- ဗဟုသုတအခြေခံနှင့်နည်းပညာအခြေခံသည့် စက်မှုလုပ်ငန်းများ၊
- ရင်းနှီးမြှုပ်နှံမှုအများအပြားသုံးရသည့် စက်မှုလုပ်ငန်းများ (ဥပမာ-အကြီးစား စက်မှုလုပ်ငန်းများ)၊

(ဂဂ) အသေးစားနှင့် အလတ်စား လုပ်ငန်းဌာနများ ဖွင့်လှစ်၍ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်မှုဖြစ်လာစေရေး နည်းပညာ အကူအညီပံ့ပိုးပေးရမည်။

(ဃဃ) အသေးစားနှင့်အလတ်စား ငွေကြေးဌာန ၊ အသေးစားနှင့် အလတ်စား ဘဏ်များ ဖွင့်လှစ်၍ အောက်ဖော်ပြပါ ရန်ပုံငွေများ နှစ်စဉ်လျာထား သတ်မှတ်ပြီး ငွေကြေးထောက်ပံ့ကူညီပေးရမည်-

- အထူးရန်ပုံငွေ၊
- လုပ်ငန်းအဆင့်မြှင့်တင်ရေးနှင့်ခေတ်မီစက်ကိရိယာများ အသုံးပြုရေး ရန်ပုံငွေ၊
- အရေးပေါ်ထောက်ပံ့ရေးရန်ပုံငွေ ၊
- အခြားရန်ပုံငွေ ၊

(ငင) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အတွက် လုပ်ငန်းအထောက်အကူပြု အဖွဲ့အစည်းများ၊ တစ်နေရာတည်း မှ ခွင့်ပြုဆောင်ရွက်ပေးသည့်စနစ် ဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက် ပေးရမည်။

(စစ) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ရပ်တည်ရှင်သန်နိုင်ရန်နှင့် လုပ်ငန်းအောင်မြင် တိုးတက်စေရန် လျှောက်လှမ်းရမည့်လမ်းကြောင်းတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ထပ်ဆင့်အခွန် စည်းကြပ်ခြင်းများကို လျှော့ချ၍ အခွန်ကင်းလွတ်ခွင့်(သို့မဟုတ်)သက်သာခွင့်များကို စီစဉ်ပေးရမည်။

(ဆဆ) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များ အချိတ်အဆက်မိမိဖြင့် အပြန်အလှန်ညှိနှိုင်း ဆောင်ရွက် ရမည်။

(ဇဇ) စက်မှုလုပ်ငန်းများတွင်ပုဂ္ဂလိက၊အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက် မှုကိုပိုမိုပါဝင်စေပြီး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူ ချောမွေ့ စေရေး လိုအပ်သော အခွန်ကိစ္စနှင့် ဥပဒေရေးရာကိစ္စရပ်များကို ပံ့ပိုးပေးရမည်။

(ဈဈ) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံ များအား စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး (စွမ်းအင်၊ ကုန်ကြမ်း၊ နည်း ပညာနှင့်ရင်းနှီးငွေ) စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်း ကူညီ ပံ့ပိုးပေးရမည်။

(ညည) လွတ်လပ်မှုနှင့် စည်းမျဉ်းလျှော့ပေါ့ခြင်းဖြင့် စွမ်းရည်ထိရောက်မှု ရှိလာ အောင်နှင့် တီထွင် ဆန်းသစ်မှု ရှိလာအောင် စီမံခန့်ခွဲပေးရမည်။

(ဋဋ) စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်လာစေရေးအတွက် စံချိန် စံညွှန်းဆိုင်ရာ ဥပဒေ၊ မူပိုင်ခွင့်ဥပဒေ ၊ ယှဉ်ပြိုင်မှုဆိုင်ရာမူဝါဒ နှင့် ယှဉ်ပြိုင်မှု ဥပဒေများကို ရေးဆွဲပြဌာန်းပေးရမည်။

(ဌဌ) အစိုးရအနေဖြင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းချမှတ်ရေး အာဏာနှင့် ဆိုင်သော လုပ်ငန်းများ ကို ပီပီပြင်ပြင်ဆောင်ရွက်ရမည်။

(ဍဍ) စက်မှုအတွဲအခိုင်များကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ပေးရမည်။

(ဎဎ) စက်မှုနည်းပညာ အခြေပြုထားခြင်းမှ သတင်းနည်းပညာ အခြေပြုဆီသို့ ကူးပြောင်းရာ တွင် ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ပေးရမည်။

(ဏဏ) စက်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့်ချိတ်ဆက်မှုရရှိစေအောင် ကူညီပံ့ပိုး ပေးရမည်။

(တတ) ကျွမ်းကျင်လုပ်သားများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပြီး အပြည်ပြည် ဆိုင်ရာ အသိအမှတ်ပြုကျွမ်းကျင်လုပ်သားများအဖြစ် နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ရေး နည်းဗျူဟာ ကို ကျင့်သုံးရမည်။

(ထထ) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမယ်သစ် များ ထုတ်လုပ်ရေး နှင့် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်။

(ဒဒ) တည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသ များတွင် စက်မှုဇုန်အသစ်များကို လိုအပ်သလို တည်ဆောက် အကောင် အထည် ဖော်ပေးရမည်။

(ဓဓ) ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ဒေသများ၌ အခြေခံစက်မှု လုပ်ငန်းများ အပါအဝင် အခြားစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရေး အတွက် ဒေသန္တရစက်မှုလုပ်ငန်းများကို အားပေး တည်ထောင်ပေး ရမည်။

(နန) စီးပွားရေးအထူးဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရမည်။

(ခ) မြန်မာ့စက်မှုဖွံ့ဖြိုးရေး

(၁) မူဝါဒများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်း အသားတင် ထုတ်လုပ်မှု တန်ဘိုး (GDP) တိုးတက်ရန် စက်မှုကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခခ) စက်မှုကဏ္ဍတွင် နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကကဏ္ဍ၊ အများပိုင်ကဏ္ဍ၊ ဖက်စပ်ပိုင်ကဏ္ဍ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ပါဝင်သော အမျိုးသားစက်မှုဖွံ့ဖြိုးရေး အခြေအနေဖြစ်ပေါ် ရေး။

(ဂဂ) ပြည်တွင်း၌ အခြေအနေ ဖန်တီးနိုင်စွမ်းရှိသည့် ပင်ရင်းထုတ်လုပ်မှု လုပ်ငန်းများကို စက်မှု လုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် လုပ်ငန်း နယ်ပယ်နှင့် လေကြောင်းနှင့်အာကာသ လုပ်ငန်း နယ်ပယ်တို့တွင် အကောင်အထည်ဖေါ်နိုင်ရေးအတွက်အခြေခံအဆောက်အအုံမှစတင် ထူထောင်ရေး။

(ဃဃ) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် လုပ်ငန်းနယ်ပယ်နှင့် လေကြောင်း နှင့်အာကာသ လုပ်ငန်းနယ်ပယ်များတွင် ပင်ရင်း ထုတ်လုပ်မှု လုပ်ငန်းများ၊ အခြေခံထုတ်လုပ်မှုလုပ်ငန်းများ နှင့်

ထုတ်လုပ်မှု စက်လိုင်းထုတ်လုပ်မှုလုပ်ငန်းများမှ ရရှိသော ထုတ်လုပ်မှု နည်းစဉ်နှင့် အတွေ့အကြုံ များကို သုတေသနနှင့်ဖွံ့ဖြိုးမှုဗဟိုဌာနများမှ သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့် နည်းပညာ ဖွံ့ဖြိုးတိုး တက်ရေးနှင့်နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းရေး။

(ငင) ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

(စစ) မိမိနိုင်ငံ၏ သဘာဝသယံဇာတများကို ပြည်ပနိုင်ငံများသို့ အားကိုးရန် မလိုပဲ မိမိတို့၏အစွမ်း ဖြင့် ဖော်ထုတ်သုံးစွဲနိုင်ရေး။

(ဆဆ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) နည်းပညာအခြေခံ ထုတ်လုပ်မှုလုပ်ငန်းနှင့် အသိပညာအခြေခံ ထုတ်လုပ်မှု လုပ်ငန်းတို့ကို အဓိက ပစ်မှတ်ထား၍ စက်မှုဖွံ့ဖြိုးရေး ကဏ္ဍကြီး(၃)ရပ်ဖြစ်သော စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် လုပ်ငန်းနယ်ပယ် နှင့် လေကြောင်းနှင့်အာကာသ လုပ်ငန်းနယ်ပယ်တို့အား ဖွဲ့စည်း တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်မည်။

(ခခ) အထက်ပါလုပ်ငန်းနယ်ပယ်(၃)ရပ်တို့သည် နယ်ပယ်တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက် အကူ ပြုခြင်း အကျိုးပြုဖြစ်ထွန်းစေခြင်းများ ရှိစေမည်။

(ဂဂ) အထက်ပါလုပ်ငန်းနယ်ပယ်(၃)ရပ်အတွက် ပင်ရင်းထုတ်လုပ်မှုလုပ်ငန်း၊ အခြေခံထုတ်လုပ်မှု လုပ်ငန်း၊ ထုတ်လုပ်မှု စက်လိုင်း ထုတ်လုပ်မှု လုပ်ငန်းနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှု ဗဟိုဌာနများ ထူထောင်နိုင်ရေး အတွက် အတွေ့အကြုံရှိသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မည်။

(ဃဃ) အထက်ပါလုပ်ငန်း နယ်ပယ်(၃)ရပ်၏ ထုတ်လုပ်မှုနှင့် သုတေသန လုပ်ငန်းများ ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်။

(ငင) အထက်ပါလုပ်ငန်းနယ်ပယ်(၃)ရပ်၏ ထုတ်လုပ်မှုနှင့် သုတေသန လုပ်ငန်းများ ဆောင်ရွက်နိုင် ရန် အသိပညာရှင်၊ အတတ်ပညာရှင်နှင့်

ကျွမ်းကျင်သူများဆိုင်ရာ လူသားအရင်း အမြစ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်မည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) နည်းပညာအခြေခံစက်မှုလုပ်ငန်းနှင့် အသိပညာအခြေခံစက်မှုလုပ်ငန်းတို့ကို ပစ်မှတ်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ အဓိကအားဖြင့် အောက်ဖော်ပြပါ စက်မှုဖွံ့ဖြိုးရေး လုပ်ငန်း ကဏ္ဍကြီး(၃)ရပ်ကို သီးခြားဇုန်များဖြင့် ဖွဲ့စည်းတည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်မည် ဖြစ်ပါသည်-

- အမျိုးသားစက်မှုကုန်ထုတ်လုပ်မှုစွမ်းအားစု
- အမျိုးသား အီလက်ထရောနစ် ကုန်ထုတ်လုပ်မှုစွမ်းအားစု
- အမျိုးသား လေကြောင်းနှင့်အာကာသ ကုန်ထုတ်လုပ်မှုစွမ်းအားစု

(ခခ) နည်းပညာအခြေခံ စက်မှုလုပ်ငန်းအနေဖြင့် စက်မှုလုပ်ငန်းနယ်ပယ်၏ အခြေခံပင်ရင်း ထုတ်လုပ်မှုလုပ်ငန်းဖြစ်သော အကြီးစားစက်မှု ထုတ်လုပ်မှု လုပ်ငန်းအဆင့်မှ စတင်၍ တည်ထောင် မည် ဖြစ်ပါသည်။

(ဂဂ) အသိပညာအခြေခံစက်မှုလုပ်ငန်းအနေဖြင့်လည်း အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ် ၏ အခြေခံအဆင့်ဖြစ်သော တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အဆင့်မှ စတင်၍ တည်ထောင်မည် ဖြစ်ပါသည်။

(ဃဃ) လေကြောင်းနှင့်အာကာသလုပ်ငန်းနယ်ပယ်မှာ နည်းပညာအခြေခံ ထုတ်လုပ်မှု လုပ်ငန်း နှင့် အသိပညာအခြေခံထုတ်လုပ်မှုလုပ်ငန်းတို့၏ အဆင့်မြင်နည်းပညာပေါင်းစည်းမှုအဖြစ် ရှုမြင်သုံးသပ်လျက် အခြေခံ အဆောက်အအုံမှစတင်၍ တည်ဆောက်သွားမည်ဖြစ်ပါသည်။

(ငင) အမျိုးသားစက်မှုဖွံ့ဖြိုးရေးအတွက် စက်ရုံ၊ စက်လိုင်းနှင့် စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ထူထောင်နိုင်ရေးကို အဓိကရည်မှန်းချက် ထားဆောင်ရွက်မည်။ အမျိုးသားစက်မှုဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်နေသော စက်ရုံများ၊ စက်လိုင်းများ၊ စက်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင် သော ပင်ရင်းထုတ်လုပ်မှုလုပ်ငန်းများကို တည်ဆောက်လျက် အမျိုးသားစက်မှုလုပ်ငန်း စွမ်းအားစု တစ်ရပ် ပေါ်ထွန်းလာရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် လျှပ်စစ်ဓါတ်အားကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) အမှတ်(၁)လျှပ်စစ်စွမ်းအား

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) သဘာဝဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံများအား ကာလတို အဖြစ် ရည်မှန်းဆောင်ရွက် လုပ်ကိုင်ရန်နှင့် ရေအားလျှပ်စစ်ကို အဓိက စွမ်းအင် အရင်းအမြစ် အဖြစ် မှီခိုအားထားဆောင်ရွက်သွားရန်၊

(ခခ) စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေး ထုတ်လုပ် ဖြန့်ဖြူးရန်၊

(ဂဂ) အနာဂါတ်တွင် လျှပ်စစ်ဓာတ်အား လုံလောက်မှုရှိစေရန်အတွက် လျှပ်စစ် ဓာတ်အား လေလွင့်မှုများလျော့ချရန်နှင့် ထိန်းသိမ်းရန်၊

(ဃဃ) စွမ်းအင်အရင်းအမြစ် အသစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲ အရင်းအမြစ် များ မှတဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တိုးမြှင့်သွားရန်၊

(၂) ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းများ အမြန်ပြီးစီးရေး၊

(ခခ) ရှိပြီး ဖြစ်သော လျှပ်စစ် ဓာတ်အားပေး စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ် မောင်းနှင်ရေး၊

(ဂဂ) လျှပ်စစ်ဓာတ်အား ထုတ်လုပ် နိုင်မည့် ဖြစ်နိုင်စွမ်း ရှိသော ပြန်လည် ပြည့်ဖြိုးမြဲ ဖြစ်သည့် စွမ်းအင်အရင်း အမြစ်များ ရှာဖွေ လေ့လာရေးနှင့် လျှပ်စစ်စီမံကိန်း အသစ်များ တည်ဆောက်အကောင်အထည်ဖော်ရေး၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) ဝန်ကြီးဌာနကိုယ်တိုင် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် တည် ဆောက်ခြင်း၊

(ခခ) တိုင်းရင်းသား လုပ်ငန်းရှင် များကို လုပ်ပိုင်ခွင့်ပြု၍ လျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်ခြင်း၊

(ဂဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ဖက်စပ်/တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း စနစ်ဖြင့် လျှပ်စစ် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်ခြင်း၊

(ခ) အမှတ်(၂)လျှပ်စစ်စွမ်းအား

(၁) မူဝါဒများမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) မြန်မာ နိုင်ငံတော် ဓာတ်အား စနစ်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကာလအတွင်း တိုးတက် ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးများနှင့် ပြည်နယ် များသို့ သယ်ပို့ ဖြန့်ဖြူး နိုင်ရန် မဟာဓာတ်အားလိုင်း များနှင့် လက်ခံ ပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲ ရုံများတည်ဆောက်ပြီး သုံးစွဲမည့် စက်မှု လုပ်ငန်းကြီးများနှင့် လုပ်သားပြည်သူများအား ဖြန့်ဖြူးနိုင်ရေး စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ရန်၊

(ခခ) ပင်မဓာတ်အားပေး စနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်း ပါဝင်မှုဖြင့် ဇီဝလောင်စာ ကဲ့သို့သောပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေး စက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်၊

(ဂဂ) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံများ နှင့် ဒီဇယ် ဓာတ်အားပေး စက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များဖြည့်ဆည်း ပေးရန်၊

(ဃဃ) မြန်မာနိုင်ငံတွင် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော ဓာတ်အား စနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့် အညီသတ်မှတ် ထားသော ဗို့အားအဆင့် အတွင်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် မိမိတို့၏ကျွမ်းကျင် ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာ အကူအညီရယူကာ ဆက်လက်ဆောင်ရွက်သွားရန်၊

(ငင) မြန်မာ နိုင်ငံတွင် ရေအားလျှပ်စစ် ဓာတ်အား ထုတ်လုပ်မှုများ အပြင် သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်း ပေးရန်၊ လေစွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများ၊ နေရောင်ခြည်သုံး ဓာတ်အားပေး စက်ရုံများကိုကျယ်ကျယ် ပြန့်ပြန့် စီးပွားဖြစ် တည်ဆောက်၍ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို အားဖြည့် ကူညီပံ့ပိုးပေးရန်၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကာလအတွင်း အောက်ဖော်ပြပါ ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲ ရုံများကို တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက် သွားမည် ဖြစ်ပါသည် -

- ဓာတ်အားလိုင်းများ

| စဉ် | ဗို့အား | ဓာတ်အားလိုင်း အရေအတွက် | လိုင်းအရှည် (မိုင်) |
|---|---|---|---|
| ၁။ | ၅၀၀ ကေဗွီ | ၁ | ၁၄၆ |
| ၂။ | ၂၃၀ ကေဗွီ | ၉ | ၅၆၃ |
| ၃။ | ၁၃၂ ကေဗွီ | ၁ | ၄ |
| ၄။ | ၆၆ ကေဗွီ | ၆ | ၂၃၂ |
| စုစုပေါင်း | | ၁၇ | ၉၄၅ |

- ဓာတ်အားခွဲရုံများ

| စဉ် | ဗို့အား | ဓာတ်အားခွဲရုံ အရေအတွက် | အမ်ဗွီအေ |
|---|---|---|---|
| ၁။ | ၂၃၀ ကေဗွီ | ၁၅ | ၁၈၀၀ |
| ၂။ | ၆၆ ကေဗွီ | ၁၁ | ၂၀၁ |
| စုစုပေါင်း | | ၂၆ | ၂၀၀၁ |

(ခခ) လက်ရှိမြန်မာနိုင်ငံ ဓာတ်အားစနစ်တွင် ဓာတ်အားပို့လွှတ်ရာ၌ အသုံးပြုလျှက် ရှိသော အမြင့်ဆုံး ဗို့အားမှာ (၂၃၀) ကေဗွီဖြစ်ပါသည်။ ဓာတ်အားသုံးစွဲမှုမြင့်မား၍ ဓာတ်အားထုတ်လုပ်မှု ပိုမိုများပြား လာမည့် အနာဂတ်ကာလတွင် အလှမ်းကွာဝေးသောဒေသများသို့ဓာတ်အားပမာဏများများကို လျှပ်စစ်ဓါတ်အား ပို့လွှတ်ရေးလိုင်းတွင် ဓါတ်အား ပျောက်ဆုံးမှုများနည်းနည်း နှင့် ပို့လွှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဓာတ်အားစနစ်တွင် (၅၀၀)ကေဗွီ ဗို့အားစနစ်သို့ တိုးမြှင့် အသုံးပြုရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂဂ) ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများတွင် ထရန်စဖော်မာတွင် လျှပ်စစ်ဓါတ်အား ပျောက်ဆုံးမှု လျော့နည်းစေရေး အတွက် အရည်အသွေး ကောင်းမွန်သော ထရန်စဖော်မာ များဝယ်ယူသုံးစွဲခြင်း၊ လျှပ်စစ်ဓါတ်အား ပို့လွှတ်ရေး ဓါတ်အားလိုင်း နှင့် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူး

ရေး ဓါတ်အားလိုင်း များတွင် လျှပ်စစ်ဓါတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် အရည် အသွေး ကောင်းမွန်သော ဓာတ်အား လိုင်းကြိုးများနှင့် ကြေသီးများ ဝယ်ယူ သုံးစွဲခြင်း တို့ဖြင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဃဃ) ဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်လိုက်သော ဓာတ်အားကို ဗို့အားအဆင့် အလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် အညီ ပို့လွှတ်ပေး နိုင်ရေး အတွက် ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားခွဲရုံများတွင် လျှပ်သိုများပြိုင်ဆက် (သို့မဟုတ်) တန်းဆက်သွယ်တန်းထားသော အစုများ၊ လမ်းလွှဲ လျှပ်ညှို့ပစ္စည်း ကိရိယာ (သို့မဟုတ်) ပါ ဝါ ကိန်းကောင်းမွန်စေရန်ထိန်းညှိသည့် ကိရိယာများထပ်မံ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

(ငင) ဓာတ်ငွေ့တာဘိုင်စက်များသည် သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ် မူတည်၍ စက်စွမ်းအားပြည့်လည် ပတ်နိုင်ရန်၊ အထူးသဖြင့်ရေအားလျှပ်စစ် စက်ရုံများ ထုတ်လုပ်မှုလျော့နည်းသွားချိန် နွေရာသီကာလများတွင် ဓာတ်အားပိုမို ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(စစ) မြန်မာနိုင်ငံအတွင်းလေစွမ်းအင်သုံးဓါတ်အားပေးစက်များ တည်ဆောက်၍ လျှပ်စစ်ဓါတ်အားပေးရေး ကိစ္စဖြစ်မြောက်နိုင်မှု အစီရင်ခံစာ အားစနစ်တကျ ကွင်းဆင်း လေ့လာပြီး ဖြစ်မြောက်နိုင်မှု အလားအလာကောင်းများရရှိပါက မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး တို့တွင် စီမံကိန်း ချမှတ်ဆောင်ရွက်သွားရန်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဖြစ်မြောက်နိုင်မှု အလားအလာကောင်းများ စူးစမ်းရှာဖွေသွားရန် ရန်ကုန်တိုင်း ဒေသကြီးနှင့် အသစ်တည်ဆောက်လျှက်ရှိသော သီလဝါ စက်မှုဇုန်သို့ ဓာတ်အားပေးနိုင်ရေးအတွက် ရန်ကုန်မြို့အနီးတွင် သင့်တော်မည့် တပ်ဆင်အားပမာဏရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံနှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေး စက်ရုံများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။

(ဆဆ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကာလအတွင်း ဓာတ်အားတိုးတက် ဖြန့်ဖြူးပေးနိုင်ရေး အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ရန်ကုန်တိုင်း

ဒေသကြီး အတွင်း ဓာတ်အား ဖြန့်ဖြူးမည့် လိုင်းများနှင့် ခွဲရုံများ တိုးချဲ့အကောင် အထည် ဖော် တည်ဆောက် သွားမည် ဖြစ်ပါသည်။

(ဇဇ) အိမ်နီးချင်း နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ပုဂ္ဂလိက လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှု စနစ် Independent Power Producer (IPP) စနစ်ကို စတင်ကျင့်သုံး အကောင်အထည် ဖော် ဆောင်ရွက်သွားမည် ။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

**ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော**
**၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် စီမံကိန်းများ**

**ဓာတ်အားလိုင်းစီမံကိန်းများ**

| | | | |
|---|---|---|---|
| ၅၀၀ ကေဗွီ | မဟာဓာတ်အားလိုင်း | (၁) လိုင်း | (၁၄၆) မိုင် |
| ၂၃၀ ကေဗွီ | မဟာဓာတ်အားလိုင်း | (၉) လိုင်း | (၅၆၃) မိုင် |
| ၁၃၂ ကေဗွီ | ဓာတ်အားလိုင်း | (၁) လိုင်း | (၄) မိုင် |
| ၆၆ ကေဗွီ | ဓာတ်အားလိုင်း | (၆) လိုင်း | (၂၃၂ )မိုင် |
| **စုစုပေါင်း** | **ဓာတ်အားလိုင်း** | **(၁၇) လိုင်း** | **(၉၄၅) မိုင်** |

**ဓာတ်အားခွဲရုံစီမံကိန်းများ**

| | | | |
|---|---|---|---|
| ၂၃၀ ကေဗွီ | ပင်မဓာတ်အားခွဲရုံ | (၁၅)ရုံ | (၁၈၀၀)အမ်ဗွီအေ |
| | Switch Bay | (၉)ခုတိုးချဲ့ | |
| ၆၆ ကေဗွီ | ဓာတ်အားခွဲရုံ | (၁၁)ရုံ | (၂၀၁)အမ်ဗွီအေ |
| | Switch Bay | (၃)ခုတိုးချဲ့ | |
| **စုစုပေါင်း** | **ဓာတ်အားခွဲရုံ** | **(၃၈)ရုံ** | **(၂၀၀၁)အမ်ဗွီအေ** |

ပဥ္စမကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော
၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ရန် ဓာတ်အားလိုင်း စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | ဓာတ်အားလိုင်း အရှည်(မိုင်) | မှတ်ချက် |
|---|---|---|---|
| | <u>၅၀၀ကေဗွီ မဟာဓာတ်အားလိုင်း</u> | | |
| ၁ | သပြေ၀(မိတ္ထီလာ)- တောင်ငူ | ၁၄၆ | |
| | ၅၀၀ကေဗွီ ဓာတ်အားလိုင်း(၁)လိုင်း | ၁၄၆ | |
| | <u>၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းများ</u> | | |
| ၂ | အထက်ရဲရွာ-ရွှေစာရံ | ၈၀ | |
| ၃ | ဘီလူးချောင်း(၂)- ရွှေမြို့ | ၁၂၀ | |
| ၄ | မအီ-ကျောက်ဖြူ | ၆၂ | |
| ၅ | တောင်ကုတ်- မအီ- အမ်း | ၇၀ | |
| ၆ | ဥသျှစ်ပင်- တောင်ကုတ် | ၆၉ | |
| ၇ | အမ်း- မန်း | ၈၀ | |
| ၈ | သာကေတ- အရှေ့ဒဂုံ | ၁၀ | |
| ၉ | အသုတ်-ပုသိမ် | ၅၀ | |
| ၁၀ | ဘဲလင်း-နဘူးအိုင် | ၆၂ | |
| | ၂၃၀ကေဗွီ ဓာတ်အားလိုင်း (၉)လိုင်း | ၅၆၃ | |
| | <u>၁၃၂ ကေဗွီ ဓာတ်အားလိုင်း</u> | | |
| ၁၁ | ဘီလူးချောင်း(၂)-ဘီလူးချောင်း(၃) | ၄ | |
| | ၁၃၂ ကေဗွီ ဓာတ်အားလိုင်း (၁)လိုင်း | ၄ | |
| | <u>၆၆ကေဗွီ ဓာတ်အားလိုင်းများ</u> | | |
| ၁၂ | ဘားအံခွဲရုံ- စက်မှုဇုံ | ၁၂ | |
| ၁၃ | ကျော-ဂန့်ဂေါ-ဟားခါး | ၈၉ | |
| ၁၄ | ခိုလန်- ကွန်ဟိန်း | ၃၃ | |
| ၁၅ | တညောင်- ဆော (ကပစ) | ၄၅ | |
| ၁၆ | ဧရာဝတီမြစ်ကျော်(မြစ်ကြီးနား) | ၀.၉၆ | |
| ၁၇ | တာမိုးညဲ-လောက်ကိုင် | ၅၂.၃၄ | |
| | ၆၆ကေဗွီ ဓာတ်အားလိုင်း(၆)လိုင်း | ၂၃၂ | |

| | | | |
|---|---|---|---|
| ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော | | | |
| ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ရန် ခွဲရုံစီမံကိန်းများ | | | |
| စဉ် | စီမံကိန်းအမည် | ခွဲရုံတပ်ဆင်အင်အား (အမ်ဗွီအေ) | မှတ်ချက် |
| | ၂၃၀ကေဗွီ ဓာတ်အားခွဲရုံကြီးများ | | |
| ၁ | အရှေ့ဒဂုံ ပင်မဓာတ်အားခွဲရုံ | ၁၀၀ | |
| ၂ | ပုသိမ် ပင်မဓာတ်အားခွဲရုံ | ၁၀၀ | |
| ၃ | မအီ ပင်မဓာတ်အားခွဲရုံ | ၁၀၀ | |
| ၄ | အမ်း ပင်မဓာတ်အားခွဲရုံ | ၁၀၀ | |
| ၅ | တောင်ကုတ် ပင်မဓာတ်အားခွဲရုံ | ၁၀၀ | |
| ၆ | သာကေတခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၇ | အသုတ်ခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၈ | လှိုင်သာယာခွဲရုံတိုးချဲ့ | ၁၀၀ | |
| ၉ | လှော်ကားခွဲရုံတိုးချဲ့ | ၂၀၀ | |
| ၁၀ | ကမာနက်ခွဲရုံတိုးချဲ့ | ၁၀၀ | |
| ၁၁ | မြောင်းတကာခွဲရုံတိုးချဲ့ | ၁၀၀ | |
| ၁၂ | တောင်းတွင်းကြီးခွဲရုံတိုးချဲ့ | ၁၀၀ | |
| ၁၃ | မြောင်းတကာခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၁၄ | ရွှေတောင်ခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၁၅ | လှိုင်သာယာခွဲရုံ Switch Bay တိုးချဲ့ | | |
| ၁၆ | ဘီလူးချောင်း(၂)(တိုးချဲ့) | ၁၀၀ | |
| ၁၇ | ရွှေမြို့ခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၁၈ | ရွှေစာရံခွဲရုံSwitch Bayတိုးချဲ့ | - | - |
| ၁၉ | ဥသျှစ်ပင်ခွဲရုံ SwitchBay တိုးချဲ့ | - | - |
| ၂၀ | ကျောက်ဖြူခွဲရုံ | ၁၀၀ | |
| ၂၁ | မန်းခွဲရုံတိုးချဲ့ | ၁၀၀ | |
| ၂၂ | ချောင်းကူးခွဲရုံတိုးချဲ့ | ၁၀၀ | |
| ၂၃ | ဘဲလင်းခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၂၄ | နဘူးအိုင်ခွဲရုံ | ၃၀၀ | |
| ၂၃၀ကေဗွီ ဓာတ်အားခွဲရုံ(၁၅)ရုံ Switch Bay(၉)ခုတိုးချဲ့ | | ၁၈၀၀ | |

| စဉ် | စီမံကိန်းအမည် | ခွဲရုံတပ်ဆင်အင်အား (အမ်ဗွီအေ) | မှတ်ချက် |
|---|---|---|---|
| | <u>ဖြေကေဗွီ ဓာတ်အားခွဲရုံ</u> | | |
| ၂၅ | ဘားအံစက်မှုဇုံ ဓာတ်အားခွဲရုံ | ၂၀ | |
| ၂၆ | ကွန်ပဟိန်း ဓာတ်အားခွဲရုံ | ၅ | |
| ၂၇ | ကျော ဓာတ်အားခွဲရုံ | ၂ | |
| ၂၈ | ဂန့်ဂေါ ဓာတ်အားခွဲရုံ | ၂ | |
| ၂၉ | သိန္နီဓာတ်အားခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၃၀ | တာမိုးညဲဓာတ်အားခွဲရုံအသစ် | ၂ | |
| ၃၁ | လောက်ကိုင်ဓာတ်အားခွဲရုံအသစ် | ၅ | |
| ၃၂ | ဟားခါးခွဲရုံ | ၅ | |
| ၃၃ | ခိုလန်ဓာတ်အားခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၃၄ | တညောင်ဓာတ်အားခွဲရုံ Switch Bay တိုးချဲ့ | - | - |
| ၃၅ | ဆော ဓာတ်အားခွဲရုံ | ၄၀ | |
| ၃၆ | ပေါက်ဓာတ်အားခွဲရုံတိုးချဲ့ | ၆၀ | |
| ၃၇ | ဆိပ်ကမ်း(မော်တင်)ဓာတ်အားခွဲရုံ တိုးချဲ့ခြင်း | ၃၀ | |
| ၃၈ | ပန်းဘဲတန်း၊မီးရထားဓာတ်အားခွဲရုံ တိုးချဲ့ခြင်း | ၃၀ | |
| | **ဖြေကေဗွီ ဓာတ်အားခွဲရုံ(၁၁) ရုံ Switch Bay(၃)ခုတိုးချဲ့** | ၂၀၁ | |

၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် ဆောက်လုပ်မှုကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) ဆောက်လုပ်ရေး

(၁) မူဝါဒများ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံ အတွင်း ရှိ လမ်းများကို နိုင်ငံတကာ အဆင့်မီ လမ်းမကြီးများ အဖြစ် ပေါ်ပေါက် လာစေရန် ၊

(ခခ) မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံတကာ ဆက်သွယ်မှု လမ်းကြောင်း များရှိ ၂၀၃၀ ခုနှစ် နှစ်ရှည်စီမံကိန်း ပြီးဆုံးချိန်တွင် တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (၅၀၀၀) အထက်ကျော်သည့် လမ်းများအား (၇၂) ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှယာဉ်စီးရေ (၂၀၀၀ မှ ၅၀၀၀) အတွင်းရှိ လမ်းများအား (၄၈) ပေ အကျယ် ကတ္တရာ ကွန်ကရစ်လမ်း၊ တစ်ရက် ပျမ်းမျှယာဉ်စီးရေ (၃၀၀ မှ ၂၀၀၀) အတွင်းရှိ လမ်းများ အား (၂၄) ပေအကျယ် ကတ္တရာ ကွန်ကရစ်လမ်း၊ တစ်ရက် ပျမ်းမျှ ယာဉ်စီးရေ (၂၀၀ မှ ၃၀၀) အတွင်းရှိ လမ်းများအား (၂၂) ပေ အကျယ်ကတ္တရာလမ်း၊တစ်ရက်ပျမ်းမျှယာဉ်စီးရေ(၁၅၀ မှ ၂၀၀)အတွင်း ရှိ လမ်းများအား(၁၈)ပေ အကျယ် ကတ္တရာလမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ် စီးရေ (၅၀ မှ ၁၅၀) အတွင်းရှိ လမ်းများအား (၁၆)ပေ အကျယ် ကတ္တရာ လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (၅၀) အောက် လျော့နည်းသည့် လမ်း များအား (၁၂) ပေအကျယ် ကတ္တရာလမ်း အဖြစ် ဆောင်ရွက်ရန်၊

(ဂဂ) လမ်းမကြီး များကို အဆင့်မြှင့်တင် ထားသည့် ယာဉ်သွားလမ်း အကျယ် အတိုင်း တံတားများ ကိုလည်း အမြဲတမ်း သံကူကွန်ကရစ် တံတားများ အဖြစ် တည်ဆောက် ရန်၊

(ဃဃ) လက်ရှိ ၂၀၁၁ ခုနှစ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက် လျက် ရှိသော လမ်းမိုင်ပေါင်း (၂၂၃၀၆ - ၅) မိုင် ဖြစ်၍ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် (၃၂၅၀၀-၀)မိုင် အထိ တိုးတက်အောင် ရည်မှန်းချက် ထား ဆောင်ရွက်မည် ဖြစ်၍ နှစ်စဉ် (၂%) တိုးတက် ဆောင်ရွက်ရန် ၊

(ငင) ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင် လျက်ရှိသော အင်ဂျင်နီယာများသည် ကမ္ဘာ့အဆင့်မီ နည်းပညာများတတ်ကျွမ်း စေရန် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ပြည်တွင်း၊ပြည်ပပညာသင် ကြားရေး အစီအစဉ် များဖြင့် အရည် အသွေး မြှင့်တင်ရန်နှင့် သတင်း အချက် အလက် နည်းပညာရပ်များ ဖြင့်ဆက်စပ် ဆောင်ရွက်နိုင်ရန်၊

(စစ) ပြည်သူ လူထုနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ အကျိုးတူ ပူးပေါင်း ဆောင် ရွက်ခြင်း အစီအစဉ်အရ နိုင်ငံသား လုပ်ငန်းရှင် များအား ဖိတ်ခေါ်၍ ဖောက်လုပ် ပြုပြင် အဆင့်မြှင့် တင်ခြင်း၊ လုပ်ငန်း လုပ်ကိုင်ခြင်း နှင့် လွှဲပြောင်းပေးခြင်း စနစ်ဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်

နည်းပညာပိုင်းပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း၊ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ်စောင့်ရှောက် ပေးသွားရန် ၊

(ဆဆ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပြည်တွင်းတွင် လမ်း/တံတား စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အာရှ ဖွံ့ဖြိုးရေးဘဏ်၊ကမ္ဘာ့ဘဏ်ချေးငွေများဖြင့် လမ်း/တံတားများအဆင့် မြှင့်တင် ဆောင်ရွက်ရန် ၊

(ဇဇ) ဒို့တာဝန်အရေးသုံးပါး ရည်မှန်းချက်များကို ပြည့်ဝစွာ အကောင်အထည် ဖော် နိုင်ရန်အတွက် နိုင်ငံအဝန်းရှိလမ်း/တံတားများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက် ရန် ၊

(ဈဈ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ တိုင်းရင်းသား ချစ်ကြည်စည်းလုံး ရေး စသည်တို့ ကောင်းမွန်စေရန် အတွက် လမ်း/တံတား များကို အဆင့် မြှင့် တင်ခြင်း ဆောင်ရွက် ရန် ၊

(ညည) ဆင်းရဲနွမ်းပါးမှု လျော့ကျရေး ရည်မှန်းချက်ကို အထောက်အကူပြုစေရန် အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်ရန် လမ်း/တံတားများ အဆင့် မြှင့်တင်ခြင်း ဆောင်ရွက်ရန် ၊

(ဋဋ) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်း ပပျောက်ရေးလုပ်ငန်းစဉ် (၈)ရပ် ကို အထောက် အပံ့ကောင်း ဖြစ်စေမည့် နိုင်ငံတစ်ဝှမ်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ နှင့် မြို့ပြ ဖွံ့ဖြိုးရေး မဟာ ဗျူဟာများ ချမှတ် ဆောင်ရွက်ရေး၊

(ဌဌ) မြန်မာနိုင်ငံ တဝှမ်းလုံးရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက် တစ်ရပ် ဖြစ်သော နေရေးအတွက် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး နှင့် ဘေးကင်း လုံခြုံ စိတ်ချရသော အိမ်ရာများ၊ မြို့ပြများ စနစ်တကျ ဖွံ့ဖြိုး လာရေး အတွက် အဓိက ထား ဆောင်ရွက်ရေး၊

(ဍဍ) မြို့ပြဖွံ့ဖြိုးရေးနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ခေတ်မီ နည်းပညာများ ၊ ကျွမ်းကျင် သူများ အကူအညီဖြင့် ဆောင်ရွက် ရေး၊

(ဎဎ) နိုင်ငံတော်မှ ချမှတ်သော မူဝါဒများနှင့်အညီ ပြည်သူတို့၏အိမ်ရာ လိုအပ် ချက် များအရ အိမ်ရာဖွံ့ဖြိုးရေး နည်းဗျူဟာများ ချမှတ်၍ ရန်ကုန်မြို့

နှင့် မြို့ကြီးများတွင်အိမ်ရာစီမံကိန်းများ စနစ်တကျ အကောင်အထည် ဖော် ဆောင်ရွက်ရေးနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့ပြဖွံ့ဖြိုး ရေး စီမံကိန်းများကို ရေးဆွဲ ပေးရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) နိုင်ငံတကာ ဆက်သွယ်မှု လမ်း(၆)လမ်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးများ (၃၃)လမ်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်း လမ်းသစ် (၂၀) တို့ကို (၁၂) ပေ အကျယ် ကတ္တရာလမ်း အဆင့်ရောက်ရှိ ရန်နှင့် ၎င်းလမ်းမကြီး များပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း (၁၁၈၅) စင်းကို (၂) လမ်းသွား (၂၄) ပေ အကျယ် သံကူကွန်ကရစ် တံတားများ အဖြစ် တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်း ပါသည်။

(ခခ) ပြည်သူတို့၏နေထိုင်မှု အဆင့်အတန်းမြင့်မား တိုးတက်စေပြီး အလုပ် အကိုင် အခွင့် အလမ်းများနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် အိမ်ရာ စီမံကိန်းများ ၊ စက်မှုဇုန် စီမံကိန်းများ၊ အထူး ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အထူးစီးပွားရေး ဇုန်စီမံကိန်း များကို ပင်မ စီမံကိန်းများ စနစ်တကျ ရေးဆွဲ ဆောင်ရွက်သွားရန်၊

(ဂဂ) နိုင်ငံတစ်ဝှမ်းတွင် မြို့ကြီးများနှင့် မြို့များ၌ မြို့ပြလူဦးရေတိုးတက်လာမှု နှင့်အညီ လိုအပ်လာမည့် အိမ်ရာနှင့် အခြေခံ အဆောက်အအုံ များကို စနစ်တကျ ဖြည့်ဆည်း ပေးနိုင်မည့် မြို့ပြဖွဲ့စည်းတည်ဆောက်မှုနှင့် မြို့ပြ စီမံကိန်း ပုံစံ များကို ရေးဆွဲ ဆောင်ရွက်ရန်၊

(ဃဃ) နိုင်ငံသားတို့၏ လိုလားချက်များနှင့် တတ်နိုင်စွမ်းအား အလိုက် နေရာ ဒေသ အမျိုးမျိုးတွင် ကောင်းမွန် သင့်လျော်သော အိမ်ရာ အမျိုးမျိုးကို စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ပြီး ဖြည့်ဆည်း ဆောင်ရွက် ရန်၊

(ငင) မြို့များစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဓိက လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းများနှင့် လုပ်ထုံး လုပ်နည်းများ ကို ခေတ်နှင့်အညီ နိုင်ငံတကာ အဆင့်မီ ပြဌာန်းနိုင်ရန်၊ ပြုစုရေးဆွဲရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) မြေလမ်းမှ အမာခံလမ်းအဆင့် (၃၇၉) မိုင် (၆) ဖာလုံ ၊ မြေလမ်း/ အမာခံလမ်း အဆင့်မှ (၁၂) ပေ အကျယ် ကတ္တရာလမ်းအဆင့် (၁၅၁၀) မိုင် (၆) ဖာလုံ အဆင့်ဆင့် တိုးမြှင့်ဖောက်လုပ်ရန်၊

(ခခ) နိုင်ငံတကာဆက်သွယ်မှုလမ်းပေါ်ရှိ တံတား (၁၇၀)စင်း၊ ဆောင်ရွက်ဆဲပြည်ထောင်စုလမ်းမကြီးများပေါ်ရှိ တံတား (၉၈၈) စင်း ၊ ဆောင်ရွက်ဆဲလမ်းသစ်များပေါ်ရှိ တံတား (၂၇)စင်း၊ စုစုပေါင်း (၁၁၈၅) စင်းအား (၂၄)ပေ အကျယ်သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ရန် ၊

(ဂဂ) မြန်မာနိုင်ငံ၏လူဦးရေ အများဆုံးမြို့ကြီးဖြစ်သည့်ရန်ကုန်မြို့၏ရည်မှန်းပုံစံ-၂၀၄၀ ကို ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီ နှင့် ဌာနဆိုင်ရာ အသီးသီး တို့၏ ပူးပေါင်း ပါဝင်မှုဖြင့် စနစ်တကျ ရေးဆွဲပြီး၊ အကောင်အထည်ဖော် ဆောင်ရွက် နိုင်မည့် ရန်ကုန်မြို့ ဖွံ့စည်း တည်ဆောက် မှုပုံစံကို ရေးဆွဲပါမည်။

(ဃဃ) မြန်မာ နိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီး မြို့တော်များ၊ လူဦးရေတစ်သိန်း အထက် မြို့ကြီးများ၏ လက်ရှိလူမှု စီးပွားရေးနှင့် မြို့ပြဆောင်တာများ အခြေ အနေများကို လေ့လာဆန်းစစ်ပြီး အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု အတွက် ဖြည့်ဆည်းရမည့် အနေအထား များနှင့် အလားအလာများကို ဂျာမဏီ နိုင်ငံကိုလုံး တက္ကသိုလ်၏ နည်းပညာ အကူအညီရယူဆောင်ရွက်ပါမည်။

(ငင) မြို့ပြဖွံ့ဖြိုးရေး ဆိုင်ရာ သုတေသန လုပ်ငန်းနှင့် မြို့ပြစီမံ ခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက် ချောမွေ့စေရေး လုပ်ငန်း အစီအစဉ် များကို ဆောင်ရွက်နိုင်ရန် ပထဝီဝင် အချက်အလက်များစနစ်ယူနစ်နှင့် အချက်အလက် ဘဏ် လုပ်ငန်းကို ဆောင်ရွက်ပါမည်။

(စစ) ကုလသမဂ္ဂ လူနေမြို့ရွာများဖွံ့ဖြိုးမှု အစီအစဉ်၏ အထောက် အပံ့ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်းတို့နှင့် ပူးပေါင်းရေးဆွဲ လျက်ရှိသော အဆောက်အဦ-ကုဒ်နှင့် စီမံကိန်းစည်းမျဉ်း ဥပဒေများ မူကြမ်းများကို အတည်ပြုချက်ရယူပြီး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက် ပါမည်။

(ဆဆ) မြို့ပြ ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသန သိပ္ပံကို ကုလသမဂ္ဂ လူနေမြို့ရွာများ ဖွံ့ဖြိုးမှု အစီအစဉ် အထောက် အပံ့ဖြင့် ထူထောင်ပြီး ပြည်တွင်းပြည်ပမှ ပညာရှင်များ၏ အကူအညီဖြင့် အောက်ပါ သင်တန်းများ ဖွင့်လှစ် သင်ကြားပါမည်။

- လုပ်ငန်းစီမံချက်ရေးဆွဲခြင်း
- လူထုအခြေပြုဆိုင်ရာစီမံကိန်းရေးဆွဲခြင်း
- အခြေခံအဆောက်အအုံ ဆိုင်ရာစီမံကိန်းရေးဆွဲခြင်း
- သဘာဝဘေးအန္တရာယ် တားဆီးရေးဆိုင်ရာ စီမံခန့်ခွဲခြင်း
- စည်ပင်သာယာရေးဆိုင်ရာ ငွေကြေးသုံးစွဲမှု
- မူဝါဒဆိုင်ရာ သုံးသပ်လေ့လာခြင်း

(ဇဇ) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ လိုအပ်လျှက်ရှိသည့်မြို့ပြ နှင့် ဒေသဖွံ့ဖြိုးရေး၊အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများရေးဆွဲ ဆောင်ရွက် ပါမည်။

- စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်ပြလာသည့် ကသာ၊ ကလေး၊ တမူးမြို့များ၏ မြို့ပြ စီမံကိန်း ရေးဆွဲရေး လုပ်ငန်းများ ကို ဆောင် ရွက်သွားပါမည်။
- ကချင်ပြည်နယ် အစိုးရအဖွဲ့မှ တင်ပြလာသည့် မြို့ပြစီမံကိန်းရေးဆွဲ လိုသည့် ပြည်နယ် မြို့တော်နှင့် ခရိုင်မြို့များ၏ မြို့ပြစီမံကိန်း ရေး ဆွဲရေး လုပ်ငန်းများကို ဆောင်ရွက်ပါမည်။
- အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များက မြို့ပြစီမံကိန်း ရေးဆွဲရေးအတွက် တင်ပြလာပါက လိုအပ်သလို ကူညီ ဆောင်ရွက် သွား ပါမည်။
- ရန်ကုန်မြို့ရှိ ကျူးကျော် အိမ်ခြေ တစ်သိန်းခန့် ရှိသည့်အနက် ၂၀၁၂-၂၀၁၃ နှစ်ကုန်တွင် အိမ်ထောင်စု (၁၀၀၀၀) ကို သင့်တော် သည့် အိမ်ရာများတွင် ပြန်လည် နေရာချထားပေးရေး စီမံဆောင် ရွက် သွားပါမည်။

(ဈဈ) ပြည်ထောင်စု အစိုးရ၏ သီးခြားတာဝန် ပေးအပ်သည့် အောက်ဖော်ပြပါ အထူး ဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်သွားပါမည်။

- နေပြည်တော် အထူးဖွံ့ဖြိုးရေး စီမံကိန်းတွင် လိုအပ်သည့် အိမ်ရာ စီမံကိန်းနှင့် ဖွံ့ဖြိုးရေး စီမံကိန်း များကို ဆက်လက် ဆောင်ရွက်ပါမည်။
- ရတနာပုံ နည်းပညာ မြို့သစ်စီမံကိန်း ရေးဆွဲခြင်း၊ ထားဝယ်အထူး စီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းနှင့် သီလဝါ အထူးစက်မှုဇုန် စီမံကိန်း အထောက် အကူပြု လုပ်ငန်းများကို ဆောင်ရွက်ပါမည်။

(ညည) ဆောင်ရွက်မည့် အဖွဲ့ပေါင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆောက်အဦ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၈)ဖွဲ့၊ လေယာဉ်ကွင်း ဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၈)ဖွဲ့၊ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၁၆)ဖွဲ့၊ တံတား ဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၁၆)ဖွဲ့၊ ခရိုင်အဖွဲ့ (၆၂) ဖွဲ့၊ နိုင်ငံသား လုပ်ငန်းရှင်များ (၂၁၅)ဖွဲ့တို့ဖြင့် ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ။

၉။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) ပို့ဆောင်ရေး

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ရေကြောင်း ပို့ဆောင်ရေးနှင့် လေကြောင်း ပို့ဆောင်ရေး ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရေး အတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေးနှင့် စီးပွားရေး စနစ်များ နှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် နှင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် တို့၏ သတ်မှတ်ပြဋ္ဌာန်းချက်များ အတိုင်း အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားရန်၊

(၂) ရည်မှန်းချက်များ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ရေကြောင်း/လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ် ဂျီဒီပီ တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက် သွားရန်၊

(ခခ) အကျိုးသက်ရောက်မှု ရှိသော ပို့ဆောင်ရေး ကွန်ယက် စနစ်အား ဝယ်လိုအား ရောင်းလိုအားသဘောနှင့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေပြောင်းလဲမှုအပေါ် အခြေခံ၍ တည်ထောင် ဆောင်ရွက်သွားရန်၊

(ဂဂ) ရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍ များတွင် အများပိုင်၊ ပုဂ္ဂလိကပိုင် နှင့် ဖက်စပ်လုပ်ငန်း စနစ်အား အပြန်အလှန် အကျိုးဖြစ်ထွန်းစေသည် နှင့်အညီ ဆောင်ရွက်သွားရန်၊

(ဃဃ) ရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေး စွမ်းဆောင် နိုင်မှုအား အခြားအာဆီယံ နိုင်ငံများနှင့် အဆင့်အတန်းတူ ဆောင်ရွက်သွားရန်၊

(ငင) မိမိဝန်ကြီးဌာနက ရှာဖွေနိုင်သည့် ဘဏ္ဍာငွေပေါ် တွင်သာလုံးလုံးလျားလျား ရပ်တည်ရန်၊

(စစ) နိုင်ငံတော်အတွက် နှစ်စဉ်အသားတင် ဘဏ္ဍာငွေ (၄၀) ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၅၀ မီလီယံ) ရှာဖွေပေးရန်၊

(ဆဆ) အသားတင် ရှာဖွေသည့် ဘဏ္ဍာငွေထဲမှ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် အောက်ပါ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန်-

- လေယာဉ်များ/ သင်္ဘောများ ဝယ်ယူ၊တည်ဆောက်ဖြည့်တင်းခြင်း
- ဆိပ်ကမ်း/လေယာဉ်ကွင်းများတိုးချဲ့တည်ဆောက်ခြင်း

(ဇဇ) ခေတ်မီသတင်း နည်းပညာနှင့် အတွေးအခေါ်များ အသုံးပြု၍ အရည်အချင်း ပြည့်ဝသော ဝန်ထမ်းများဖြင့် အရည်အသွေးမီ စီမံခန့်ခွဲမှု စနစ်တည်ဆောက်ရန်၊

(ဈဈ) စဉ်ဆက်မပြတ် စောင့်ကြည့်သည့် စနစ်ဖြင့် အရည်အသွေး အာမခံ အကဲဖြတ်ခြင်း အား ဆောင်ရွက်သွားရန်၊

(ညည) လေယာဉ်/ရေယာဉ် မောင်းနှင်သူများနှင့် ပြုပြင်ထိန်းသိမ်း သူများ၏ ကျွမ်းကျင်မှု အဆင့်အတန်းအား စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားရန်၊

(ဋဋ) စီမံခန့်ခွဲမှုနှင့် လုပ်ငန်း ဆောင်ရွက်သူများ၏ ပင်ကိုယ်အရည် အသွေး ထိန်းသိမ်း မြှင့်တင်ရန်အတွက် မွမ်းမံသင်တန်းများ ပုံမှန်ဖွင့်လှစ်ပို့ချ လေ့ကျင့် သွားရန်၊

(ဌဌ) နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးအတွက် အသားတင်ရှာဖွေနိုင်သည့် ဘဏ္ဍာငွေ ခွင့်ပြုချက်အတွင်းမှ နိုင်ငံ့ဝန်ထမ်းနှင့် ပုဂ္ဂလိက ဝန်ထမ်းများ အား နှစ်စဉ်တိုးမြှင့် ခန့်ထားသွားရန်၊

(ဍဍ) နိုင်ငံတကာ သင်္ဘောလိုင်း များတွင် တာဝန် ထမ်းဆောင် နိုင်ရန် အတွက် သင့်လျော်သည့် နိုင်ငံသား များအား လိုအပ်သည့် အသက်မွေးဝမ်း ကျောင်း ပညာသင်တန်းများ လေ့ကျင့် သင်ကြားပို့ချပြီး အလုပ်အကိုင် တိုးမြှင့် ရရှိရေး ဆောင်ရွက် သွားရန်၊

(ဎဎ) နိုင်ငံတကာလေကြောင်းလိုင်းများတွင်တာဝန်ထမ်းဆောင် နိုင်ရန် အတွက် အရည်အချင်း ပြည့်မီသည့် နိုင်ငံသား များအား လေယာဉ် မောင်းသင် ကျောင်းများ တည်ထောင်ဖွင့်လှစ် လေ့ကျင့် သင်ကြားပေး ပြီး အလုပ်အကိုင် တိုးမြှင့် ရရှိရေး ဆောင်ရွက်သွားရန်၊

(၃) လုပ်ငန်းစဉ်များ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ပြည်တွင်းရှိအပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်လေဆိပ်များ ဖွံ့ဖြိုး တိုးတက်ရေး၊ လေကြောင်းကဏ္ဍ ကြီးကြပ်ထိန်းသိမ်းမှုများအား အပြည် ပြည်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ စည်းမျဉ်းများနှင့် အညီ ဖြစ်စေ ရေး၊ လေကြောင်း အတတ်ပညာ သင်တန်း ကျောင်းများကို အပြည်ပြည် ဆိုင်ရာ အဆင့်အတန်းနှင့် အညီ ဖြစ်စေရေးနှင့် လေဆိပ်နှင့် ဆက်စပ် ဆောင်ရွက် ရသည့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက် သွားပါမည်။

(ခခ) ရေကြောင်းကဏ္ဍဆိုင်ရာ ပြဋ္ဌာန်းထားသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စနစ်တကျ ဖြစ်စေရေး စိစစ် ကြီးကြပ်ခြင်း၊ ရေကြောင်း သွားလာမှု အတတ်ပညာများ ပိုမိုတိုးတက်မြင့်မားရေး၊ ပင်လယ်ရေကြောင်း သင်္ဘောသား များ၏ အရည်အသွေး မြင့်မားရေး၊ အလုပ် အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန် ရေးနှင့် ရေယာဉ်များ သော အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမည်။

(ဂဂ) မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများအပါအဝင် မြစ်ချောင်းများ၏ ရေလမ်းကြောင်း ကောင်း မွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေး လုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်

ရေလမ်း ထိန်းသိမ်းခြင်းလုပ်ငန်း၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလွှဲမှုကာကွယ်ရေး နှင့် စိုက်ပျိုးမြေဖော်ထုတ် ရေးအတွက် မြစ်ပြုပြင်ခြင်း လုပ်ငန်းများအား နည်းပညာနှင့် ခေတ်မီရေယာဉ်နှင့် အထောက် အကူပစ္စည်းများ ဖေါင်းစပ် ဆောင်ရွက် သွားမည်ဖြစ်ပြီး လိုအပ်ပါက နိုင်ငံတကာ အကူအညီ ရယူဆောင်ရွက်သွားပါမည်။

(ဃဃ) မိုးလေဝသ လုပ်ငန်းနှင့် ဇလဗေဒ လုပ်ငန်းများ အတွက် အခြေခံ တိုင်းထွာရေး စခန်းများ၊ မုန်တိုင်းပြရေဒါစခန်း၊ ငြိုလ်တုတိမ်ပုံဖမ်း စခန်း၊ အထူးတိုင်းထွာရေး စခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း များကို နှစ် အလိုက် ဆောင်ရွက်သွားပါမည်။

(ငင) ကမ္ဘာ့အဆင့်မီ ရေကြောင်းဆိုင်ရာ ကောလိပ်နှင့်တက္ကသိုလ်များပေါ်ထွန်း လာရေး အတွက် နိုင်ငံတကာအဆင့်မီသင်ကြားမှု၊ သင်ယူမှု အထောက် အကူ ပြုပစ္စည်း များကို ထိရောက်စွာ အသုံးပြုသင်ကြား နိုင်ရေး၊ အရည် အချင်း ပြည့်ဝသော ရေကြောင်း အရာရှိ လောင်းများ မွေးထုတ်ပေး နိုင် ရေးတို့အား ဆောင်ရွက် သွားပါမည်။

(စစ) ဈေးကွက် လိုအပ်ချက်နှင့် အညီ လေကြောင်းခရီးဖြင့် ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်နိုင်ရေး အတွက် ပြည်တွင်း၊ ပြည်ပခရီး လမ်း ကြောင်း ကွန်ယက် တည်ဆောက်ခြင်း၊ လက်ရှိလေကြောင်း လိုင်းအား ဖက်စပ် လေကြောင်းလိုင်း အဖြစ် ထူထောင်ဆောင် ရွက်ခြင်း၊ ဆက်စပ် လေကြောင်းလုပ်ငန်းများတိုးချဲ့ အကောင်အထည်ဖော်ခြင်းနှင့်ခရီးသည် နှင့် ကုန်စည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်း များကို ဆောင် ရွက်သွားပါမည်။

(ဆဆ) ပြည်တွင်း ရေကြောင်းရေယာဉ်များ ပြေးဆွဲလျှက်ရှိသော မြစ်ကြီးများ တစ်လျှောက်ရှိ မြို့ကြီးများအကြား လူနှင့်ကုန်စည်များ ပို့ဆောင်ရေး အတွက် ကွန်ယက်စနစ် တည် ဆောက်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်း၊ ရေယာဉ်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း လုပ်ငန်း တို့ကို ဆောင်ရွက်သွားပါမည်။

(ဇဇ) ဆိပ်ကမ်းဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေနက် ဆိပ်ကမ်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပ

ဆိပ်ကမ်း ဆက်သွယ်မှု ကွန်ယက် တိုးချဲ့တည်ဆောက်ခြင်း၊ ပြည်ပ သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ လွယ်ကူချောမွေ့စွာဝင်၊ ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း တိုးချဲ့ ထိန်းသိမ်းခြင်း၊ ဆိပ်ကမ်းနယ်မြေသာယာ လှပရေးနှင့် ကမ္ဘာ့အဆင့်အတန်းမီ ဆိပ်ကမ်းများ အဖြစ်သို့ ရောက်ရှိရေး တို့ကို ဆောင်ရွက်သွားပါမည်။

(ဈဈ) ဈေးကွက် လိုအပ်ချက်နှင့် လိုက်လျောညီထွေ ဖြစ်မည့် ရေယာဉ်များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် သင်္ဘောတည်ဆောက်သည့် လုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက် ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက် သွားပါမည်။

(ခ) ရထားပို့ဆောင်ရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့၌ တိုးတက်အောင် ဆောင်ရွက်သွားမည်။

(၂) ရည်မှန်းချက်များ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံးဖြည့်ဆည်း ဆောင်ရွက်ခြင်း၊

( ခခ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်း၊

( ဂဂ ) မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးဆိုင်ရာများ လုပ်ကိုင်ရာတွင် စနစ်တကျဖြစ်စေခြင်း၊

(ဃဃ) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲတိုးတက်နေစေရန် လေ့ကျင့် ဆောင်ရွက်ပေးခြင်း၊

( ငင ) ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင်ပထမအဆင့်အနေဖြင့်အရှေ့တောင်အာရှနိုင်ငံများအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်နိုင်ရေး၊ ဒုတိယအဆင့် အနေဖြင့် ဖွံ့ဖြိုးပြီး အရှေ့အာရှနှင့် အနောက်နိုင်ငံများကို အမီလိုက်နိုင်အောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

(၃) လုပ်ငန်းစဉ်များ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

(ကက) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ် တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊

တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင်အဆောက်အဦ နှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်၊

(ခခ) တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ထပ်မံတည်ဆောက်မည့် ကွန်ကရစ်ဇလီဖား စက်ရုံ (၁၁)ရုံမှ ကွန်ကရစ်ဇလီဖါးများ ထုတ်လုပ်ပြီး တစ်နိုင်ငံလုံးရှိ ရထားလမ်း ဟောင်းများနှင့် အသစ်ဖောက်လုပ်မည့် ရထားလမ်းသစ်များတွင် အသုံးပြုမည်၊

(ဂဂ) နတ်မောက် - ကံပြား ရထားလမ်းပိုင်း ၂၉.၄၅ မိုင်အနက်မှ ၂၅ မိုင်၊ ရှမ်းစု - လှိုင်သာယာ ရထားလမ်းပိုင်းမှ ၁၄မိုင်တို့ကို သံလမ်းခင်းပြီး၊ စစ်တွေ-ကျောက်တော် လမ်းပိုင်းရှိ မတည်ဆောက်ရသေးသော တံတားများကို ပြီးစီးအောင် ဖောက်လုပ် တည်ဆောက်ဖွင့်လှစ်မည်၊

(ဃဃ) စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ် တည်ဆောက်ရေးစက်ရုံတို့ကို တည်ဆောက်ပြီး လိုအပ်သောစက်ခေါင်းသစ်နှင့်လူစီးတွဲသစ်များ တည်ဆောက်မည်၊

(ငင) ကချင်ပြည်နယ် မိုးညှင်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးကို ဖွင့်လှစ်ဆောင်ရွက်မည်၊

(စစ) တိုင်းဒေသကြီး/ ပြည်နယ်ရုံးများနှင့် ခရိုင်ရုံး(၁၈) ရုံးတို့တွင် ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊ Retransfer Printer နှင့် ယာဉ်မှတ်ပုံတင်စာအုပ်ထုတ်ပေးရန်၊ Pass Book Printer ၊ Computer နှင့် ဆက်စပ်ပစ္စည်းများအား တပ်ဆင်ဆောင်ရွက်မည်၊

(ဆဆ) မြန်မာ့မီးရထား စီးနင်းခနှင့် ကုန်စည်တန်ဆာခနှုန်းများကို တိုးမြှင့်ကောက်ခံမှုအပေါ် ပြည်သူမှ ယုံကြည်အားကိုးမှု အပြည့်အဝ ရရှိစေရန် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းဆောင်ရွက်မည်။

၁၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် ဆက်သွယ်ရေးကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) ဆက်သွယ်ရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် အစိုးရ ပုဂ္ဂလိက အကျိုးတူ လုပ်ငန်းပူးပေါင်း ဆောင်ရွက်ခြင်း ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီး ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြု ဆောင်ရွက်ရေး၊

(ခခ) ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲ ထားရှိပြီး ဖြစ်သော ဥပဒေများ အပေါ်အတည်ပြု ဆောင်ရွက်ခြင်းနှင့် လိုက်နာ ကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(ဂဂ) ပြည်တွင်း ဆက်သွယ်ရေး ကဏ္ဍ၏ တည်ဆောက်မှု လုပ်ငန်း၊ ထုတ်လုပ်မှု လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင် များအား ပါဝင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး သတင်း အချက်အလက် နည်းပညာကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံအား အချိုး အစားမျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း များ ဆက်လက်ဖန်တီး ပေးရေး၊

(ဃဃ) ကွန်ပျူတာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းရေးဆွဲ အကောင် အထည်ဖော် ဆောင်ရွက်ရေး၊

(ငင) မြန်နှုန်းမြင့် အင်တာနက် ဝန်ဆောင်မှု အသုံးချနိုင်ရေး အတွက် အင်တာနက် ဝန်ဆောင်မှု လုပ်ငန်းများ ထပ်မံ တည်ဆောက်ခြင်းနှင့် နိုင်ငံတကာနှင့် ချိတ်ဆက် ထားသည့် အပြည်ပြည်ဆိုင်ရာ လိုင်းနှုန်းခွင် များ တိုးချဲ့သုံးစွဲနိုင်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(កក) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၂.၁၈ ဆတိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့်၁၁၈% ဖြစ်ပေါ်စေရန် ဆောင် ရွက်မည်။

(ခခ) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်း လုံးရေ (၆,၁၂၀,၈၄၃)နှင့် တယ်လီဖုန်း သိပ်သည်းဆ ၁၁.၇% အထိ တိုးတက်စေရန် လည်းကောင်း၊ အင်တာနက် သုံးစွဲသူ အရေ အတွက်ကို (၁,၀၀၀,၀၀၀) အထိ တိုးတက်စေရန် ဆောင်ရွက်မည်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(កក) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ် လိုင်း(၄)သန်း စီမံကိန်းကို ပြီးစီးအောင်ဆောင်ရွက်ပြီး ဒုတိယနှစ် လိုင်း(၅)သန်း စီမံကိန်းကို တစ်ဆက်တစ်စပ် တည်း ဆက်လက်ဆောင်ရွက်မည်။

(ခခ) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို တိုင်း ဒေသကြီး/ ပြည်နယ်များ တွင် နည်းပညာပြန့်ပွားရေးဌာနများ ဖွင့်လှစ်ဆောင်ရွက် မည်။

(ဂဂ) အော်တိုတယ်လီဖုန်း စနစ် အနေဖြင့် ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း အိတ်ချိန်းများအား အဆင့်မြင့်စနစ်သုံး အိုင်ပီအိတ်ချိန်းများဖြင့် အစား ထိုး လဲလှယ် တပ်ဆင်ခြင်း၊ အော်တို တယ်လီဖုန်း အခွန်ငွေ ကြိုတင် ငွေပေး စနစ် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ဘက်စုံ သတင်း အချက် အလက်ဝန်ဆောင်မှု အသုံးပြု နိုင်သော အိမ်အရောက် ဖိုင်ဘာကြိုး ဆက်သွယ်ရေးဝန်ဆောင်မှု စနစ်အား ပုဂ္ဂလိက ရင်းနှီးမြှပ်နှံ မှုဖြင့် ပူးပေါင်း ဆောင်ရွက်မည်။

(ဃဃ) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်း ခေါ်ဆို မှုတွင် လွယ်ကူ ချောမွေ့စေရန်၊အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်ထွက်ပေါက် အိတ်ချိန်းများ တိုးချဲ့ ခြင်း ကိုလည်း ဆောင်ရွက်မည်။

(ငင) တိုးချဲ့ပြီးသော မိုဘိုင်း တယ်လီဖုန်းများမှ မြန်နှုန်းမြင့် အင်တာနက် ဝန်ဆောင်မှု သုံးစွဲနိုင်ရေး အတွက် အင်တာနက် ပင်မဆက်ကြောင်းများ တိုးချဲ့ခြင်းနှင့် အင်တာနက် ဝန်ဆောင်မှုဌာန အသစ်တစ်ခု တပ်ဆင် ဆောင်ရွက်ပါမည်။

(စစ) သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ မဟာစီမံ ချက်နှင့် ပတ်သက်၍ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေး ပွဲများ ကျင်းပ၍ အကောင်အထည်ဖော်မည်။

(ဆဆ) အင်တာနက် သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော အိုင်ပီအဆင့်(၄) စနစ် အား အိုင်ပီအဆင့်(၆) စနစ်သို့ ပြောင်းလဲ သုံးစွဲနိုင်ရေး ရေးဆွဲ ဆောင် ရွက်မည်။

(ဇဇ) နယ်စပ်ဖြတ်ကျော် ဆက်သွယ်မှု ဆက်ကြောင်း ပမာဏ တိုးချဲ့ခြင်းနှင့် ကိုယ်ပိုင် ဖိုင်ဘာ ဆက်ကြောင်း တည်ဆောက်ရန် အတွက် မူဆယ် - မန္တလေး -ရန်ကုန် -ပုသိမ်-ချောင်းသာ အဆင့်မြင့် နည်းပညာသုံး ဖိုင်ဘာ ဆက်ကြောင်း တည်ဆောက် မည်။

(ဈဈ) အပြည်ပြည် ဆိုင်ရာ ဆက်သွယ်မှု ပမာဏ တိုးချဲ့ရန်နှင့် အရန်လမ်းကြောင်းအဖြစ် အာရှ-ဥရောပ ရေအောက် ကေဘယ် ဆက်ကြောင်း အမှတ်(၅) နှင့် ချိတ်ဆက် ဆောင်ရွက်မည်။

(ညည) တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်များအရောက် ဖိုင်ဘာကေဘယ်လ် ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သောလှိုင်းနှုန်းခွင်ပမာဏ ရရှိရေး ဆောင်ရွက်မည့်အပြင် အရန်ဆက်ကြောင်းအဖြစ် မြန်နှုန်းမြင့် အိုင်ပီမိုက္ကရိုဝေ့ ဆက်ကြောင်းများ တည်ဆောက်မည်။

(ဋဋ) စာပို့တိုက် လုပ်ငန်းတွင် ပြည်တွင်း အီလက်ထရောနစ် အမြန်ငွေပို့လွှာ လုပ်ငန်း စနစ်အား ပြည်နယ်/တိုင်းဒေသကြီးများရှိ စာတိုက်ရုံး(၂၀)တွင် စတင် ဆောင်ရွက် မည်။

(ဌဌ) စာပို့တိုက် လုပ်ငန်း၏ ပြည်တွင်းပြည်ပ ချောပို့ ဆောင်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရပုဂ္ဂလိကအကျိုးတူလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ခြင်း ပုံစံဖြင့် ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များ ခွင့်ပြုပြီး ပူးပေါင်း ဆောင်ရွက်မည်။

(ဍဍ) သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် အရေး ပေါ်ဆက်သွယ်မှုစနစ်ကို အရန်အဖြစ် ရေဒီယို ကြေးနန်း စနစ်ကို အဆင့်မြှင့် တင်ခြင်း၊ ကြေးနန်းရုံး အသစ်များ ဖွင့်လှစ်ခြင်း၊ဖက်စ်ကြေးနန်းနှင့်ကွန်ပျူတာကြေးနန်း၊အီလက်ထရောနစ် သုံး ကြေးနန်း များတိုးချဲ့ခြင်းကို ဆောင်ရွက် မည်။

(ဎဎ) ကျွမ်းကျင် ဝန်ထမ်းများ လေ့ကျင့်မွေးထုတ် နိုင်ရေးအတွက် ကြေးနန်း ဆက်သွယ် ရေးနှင့် စာတိုက် သင်တန်းကျောင်းတွင် သင်တန်း အမျိုးအစား ပေါင်း (၉၁)ခု၊ သင်တန်းပေါင်း (၁၃၂)ကြိမ်၊ သင်တန်းသား ပေါင်း (၂၁၄၃)ဦး လေ့ကျင့်သင်ကြားရေး အစီအစဉ် ရေးဆွဲ ဆောင်ရွက် မည်။

၁၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် ငွေရေးကြေးရေးကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) ဘဏ္ဍာအခွန်

(၁) ရည်မှန်းချက်မှာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်

ရွက်ရန်နှင့် ရှင်းလင်းလွယ်ကူ ထိရောက်သော အခွန်စနစ်ကို အကောင်အထည် ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်း နိုင်သည့် ခေတ်မီနိုင်ငံတော် ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(၂) မူဝါဒနှင့်လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) နိုင်ငံတော်ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေး ကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေး အတွက် ရေးဆွဲ ထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံ ရေးဆွဲခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း များအား နိုင်ငံတကာ အဆင့် အတန်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက် သွားရန်၊

(ခခ) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဂဂ) အီလက်ထရောနစ် ဘဏ်လုပ်ငန်းစနစ် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(ဃဃ) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(ငင) နိုင်ငံခြားငွေ လဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(စစ) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်နှင့် ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဆဆ) နိုင်ငံတော် အတွက် အကျိုးရှိစွာ သုံးစွဲ နိုင်မည့် ဘဏ္ဍာငွေ များအား ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖြစ်စေရေးစိစစ် ဆောင်ရွက်သွားရန်၊

(ဇဇ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အသေးစား ငွေရေးကြေးရေး ဥပဒေ ထုတ်ပြန် ထားပြီးဖြစ်၍ အဆိုပါ ဥပဒေ နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များ ထုတ်ပြန်နိုင် ရေး ဆောင်ရွက်သွားရန်၊

(ဈဈ) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက် ရေးနှင့် ထိုအဖွဲ့အစည်းများအားစနစ်တကျ ကြီးကြပ်ကွပ်ကဲ

မည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်၊ နေပြည်တော် ကောင်စီနယ်မြေတို့တွင် အသေးစား ငွေရေး ကြေးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို စနစ် တကျ ဖွဲ့စည်းကာ ကြပ်မတ် ဆောင်ရွက်သွားရန်၊

(ညည) အပ်ငွေအာမခံ လုပ်ငန်းအား ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက် သွားရန်၊

(ဋဋ) ပုဂ္ဂလိက ကုမ္ပဏီများအား အာမခံလုပ်ငန်း ဆောင်ရွက်ခွင့် ပြုရေး ဆောင်ရွက် ရန်၊

(ဌဌ) ခေတ်နှင့် လိုက်လျောညီထွေ ဖြစ်မည့် အခွန်ဆိုင်ရာ ဖြေလျှော့မှုများ၊ အခွန် ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရုပ်သိမ်း ပြင်ဆင်ခြင်း များကို ဆောင်ရွက် သွားရန်၊

(ဍဍ) ပြည်ပ သွင်းကုန်၊ ထုတ်ကုန်များ လျှင်မြန်ချောမွေ့စွာ ဆောင်ရွက်ရန်နှင့် အခွန် ငွေများ တိုးတက်ရရှိရေး ဆောင်ရွက်သွားရန်၊

(ဎဎ) အယူခံတင်ပြလာသော အခွန်စည်းကြပ်မှုနှင့် အကောက်ခွန်မှုများ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှင်မြန်စွာ ဆောင်ရွက်သွားရန်၊

၁၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) ပညာရေး

(၁) အခြေခံပညာရေး

(កက) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကျောင်းနေအရွယ် လူငယ်အားလုံးပညာသင်ယူခွင့် ရရှိစေ ရန်၊
- နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်၊
- နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာ ပညာရေး အဆင့် နှင့် ရင်ပေါင်တန်းနိုင်သည့် အခြေခံပညာရေး စနစ်ဖြစ်ထွန်း လာစေရန်၊

- နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်ရေး အတွက် မသင်မနေ ပညာရေးစနစ်ကို အစပျိုးအကောင်အထည် ဖော်ရန်၊
- တိုးတက်ပြောင်းလဲလာသည့် သိပ္ပံပညာနှင့်နည်းပညာများ အကူအညီ ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် အဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်း လာစေရန်၊
- လူမှုစီးပွားရေးကဏ္ဍ အသီးသီးတွင် ထိုးထွင်းကြံဆမှုနှင့် တီထွင် ဖန်တီးမှု အရည်အသွေး ပြည့်ဝစွာ စွမ်းဆောင်နိုင်သူများ ပေါ်ထွန်း လာ စေရန်၊
- ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီး ရိုးရာ ယဉ်ကျေးမှု၊ အစဉ်အလာနှင့် စာပေများကို ထိန်းသိမ်း စောင့်ရှောက် နိုင်စွမ်းရှိသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်၊
- ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တ ကောင်းမွန်သည့် ဘက်စုံ ပညာ ပြည့်ဝ သူများ ပေါ်ထွန်းလာစေရန်၊
- မိမိဘဝနှင့် လူမှုအဖွဲ့ အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် စွမ်းဆောင် နိုင်သည့် ကမ္ဘာ့ လူရည်မွန်များ ပေါ် ထွန်း လာစေရန်၊
- တစ်သက်တာ သင်ယူမှုနှင့် စဉ်ဆက်ပညာရေး၏ အကျိုး တရားကို နားလည် လက်ခံပြီး နိုင်ငံတော်နှင့် မိမိဘဝ အဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် အစဉ် လေ့လာ သင်ယူနေသော အဖွဲ့အစည်း အဖြစ် ပေါ်ထွန်း လာစေရန်၊
- မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် လေ့လာသင်ယူမှု အခွင့် အလမ်း များ တစ်ပြေးညီ ရရှိပြီး အသက်မွေးဝမ်းကျောင်း ပညာအခြေခံဖြင့် ရွေးချယ် သင်ယူနိုင်စေရန်၊

- အခြေခံပညာ ကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုး တိုးတက်ရေး အတွက် အထောက် အကူပြု ပင်မဌာနများ အဖြစ် ပေါ်ထွန်းလာ စေရန်၊

(ခ) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ တတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တ ကောင်းမွန် သည့် နိုင်ငံ သားကောင်းများ ဖြစ်လာစေရန်၊
- တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည် လေးစားမှု နှင့် ရိုင်းပင်းကူညီမှုများ တိုးတက်ဖြစ်ထွန်း လာစေရန်၊
- လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အသက်မွေးဝမ်း ကျောင်း ပညာအခြေခံများ သင်ကြားပေး ရန်၊
- ကုန်ထုတ်လုပ်မှု စွမ်းအား တိုးတက်ရေးနှင့် ထက်မြက်ရေး အတွက် အထောက်အကူ ပြုစေမည့် သိပ္ပံပညာကို သင်ကြား ပေးရန်၊
- နိုင်ငံတော်၏ ယဉ်ကျေးမှု အနုပညာစာပေ ထိန်းသိမ်းရေးနှင့် တိုးတက် ရေး အတွက် ဝိဇ္ဇာပညာကိုလည်း သင်ကြားပေးရန်၊
- တက္ကသိုလ် ပညာကို ဆက်လက် သင်ယူနိုင်ရေး အတွက် ခိုင်မြဲသော ပညာ အခြေခံ တည်ဆောက် ပေးရန်၊

(ဂ) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အညီ အခြေခံပညာရေး ဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှုပုံစံများကိုနိုင်ငံတကာအဆင့်မီမြှင့်တင် ဆောင်ရွက်ရန်၊
- အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ်ကို မဖြစ်မနေ အစပျိုး ဆောင်ရွက်ရန်နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့ အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပညာရေး စေတနာရှင်များ၊ မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် ရန်၊

- နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူ ပြီးမြောက်စေရေးအတွက် ကျောင်းတက်နှုန်း မြင့်မားရေး လုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်ရန်၊
- နိုင်ငံသားကောင်း အရည်အသွေး ပြည့်ဝရေးအတွက် အခြေခံပညာ သင်ရိုးမာတိကာများ သင်ကြားသင်ယူမှု အစီအစဉ်များ၊ ပညာရည် စစ်ဆေးတိုင်းတာမှုစနစ်များကို ပြုပြင်မွမ်းမံ ဆောင်ရွက်ရန်၊
- ပညာရည် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်း အမြစ်များ ပေါ်ထွန်းလာရေးအတွက် အခြေခံညာ အဆင့် အလိုက် ပညာသင်ဆုများ ချီးမြှင့် ပေးရန်နှင့် ဉာဏ်ပညာ ထက်မြက်ပြီး ပညာဆက်လက် သင်ယူရန် အခက်အခဲ ရှိသည့် ကျောင်းသား၊ ကျောင်းသူ များအား အတန်းစဉ် အလိုက် ပညာသင် ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရန်၊
- ဆရာအတတ်ပညာ အရည်အသွေး မြင့်မားရေးအတွက် လုပ်ငန်းခွင် အကြို ဆရာ အတတ်သင်တန်းများ၊ လုပ်ငန်းခွင် သင်ကြားရေး သင်တန်းများနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ် လေ့ကျင့်ပေးရန်နှင့် သင်ကြား သင်ယူမှု ဖွံ့ဖြိုးရေး ဆွေးနွေးပွဲများ ကျင်းပ ဆောင်ရွက် စေရန်၊
- မူလတန်းအဆင့်တွင် ကလေးဗဟိုပြု သင်ယူမှု ချဉ်းကပ် နည်းဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာ အရ စီမံချက်မြို့နယ်အလိုက် သင်ကြားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ် လေ့ကျင့်ပေးရန်၊
- သင်ထောက်ကူ ပစ္စည်းများ၊ သိပ္ပံပစ္စည်းများနှင့် မီဒီယာ ပစ္စည်းများ ဖြည့်ဆည်းပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူ တတ်မြောက်မှု အရည် အသွေးကို မြှင့်တင် ပေးရန်၊

- အချိန်နှင့် တစ်ပြေးညီ တိုးတက် ပြောင်းလဲနေသည့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အခြေခံပညာ အလယ်တန်း အဆင့်မှစ၍ လေ့လာ သင်ယူ ခွင့်ရရှိရန်၊
- ဆရာ ကျောင်းသား အချိုးမျှတရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ စာသင်ဆောင် ပရိဘောဂများ ပြည့်စုံရေး အတွက် ဖြည့်ဆည်းဆောင်ရွက် ပေးရန်၊
- ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် ပုဂ္ဂလိက အခန်း ကဏ္ဍမှ ပါဝင် ဆောင်ရွက်နိုင်ရေး အတွက် ကိုယ်ပိုင် ကျောင်း မှတ်ပုံတင် ဥပဒေနှင့် အညီစိစစ်၍ ကိုယ်ပိုင် ကျောင်းများ ဖွင့်လှစ်ပေးရန်၊
- စာတတ်မြောက်ရေးနှင့် စဉ်ဆက် ပညာရေးအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ရန်၊
- အခြေခံပညာ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ကျောင်းစစ်ဆေးရေး ဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်၍ ပညာရေး စွမ်းဆောင်မှု ကို မြှင့်တင်ပေးရန်၊
- တိုင်းရင်းသား အချင်းချင်း တစ်ဦး၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာ၊ ဓလေ့ထုံးတမ်းနှင့် စာပေများကို တစ်ဦးက လေးစား မြတ်နိုးတန်ဘိုး ထားပြီး အပြန်အလှန် ပူးပေါင်းကာ စောင့်ရှောက်သွားကြရန်၊

(၂) အဆင့်မြင့်ပညာရေး

(ကက) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

- နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် နေသည့် နိုင်ငံတော် တစ်ခုအဖြစ် တည်ဆောက် နိုင်စွမ်းရှိသည့် ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည် မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်ကို ဖန်တီးနိုင်ရန်၊

- နိုင်ငံတော်တွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှု များ တည်တံ့ ခိုင်မြဲတိုးတက် နေစေရန်၊
- ခေတ်နှင့်အညီ ပေါ်ထွန်းလာမည့် နည်းပညာများကို အချိန်နှင့် တစ်ပြေးညီ အသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိဉာဏ် အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့် ပညာရှင်များ မွေးထုတ် ပေးရန်၊
- နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများကို ပညာရေး ကဏ္ဍတွင် သာမက အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်နေသည့် နိုင်ငံတော် တည်ဆောက်ရေး အတွက် လိုအပ်သော အခြားသော ကဏ္ဍ များတွင်လည်း ဆောင်ရွက် နိုင်ရန်၊
- အရည်အသွေးမြင့်မားသော စဉ်ဆက်မပြတ် လေ့လာ သင်ယူနိုင်သည့် အခွင့်အလမ်းပွင့်ပညာရေးအစီအစဉ်များ ဆက်လက် ဆောင်ရွက်ရန်၊
- မည်သို့ပင် ကမ္ဘာ့နိုင်ငံအများ ဆက်စပ်ယှက်နွယ် ဖြစ်ပေါ် ပြောင်းလဲလာသော်လည်း ပြည်ထောင်စုကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ အမျိုးသားရေး အကျိုးစီးပွား၊ အမျိုးသားရေး တန်ဖိုးနှင့် အမျိုးသားရေး စံနှုန်းများ လျော့ပါး ပျောက်ပျက် သွားခြင်း မရှိစေရန်၊

(ခခ) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

- ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့် စာရိတ္တ ကောင်းမွန် ပြီး နိုင်ငံတော် တည်ဆောက်ရေး အတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်နှင့်အညီအကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- မြန်မာ့လူမှုဘဝနှင့် လျော်ညီသော စိတ်နေသဘောထား၊ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး ကျွမ်းကျင်လိမ္မာသည့် ပညာရှင်များ မွေးထုတ်ပေးရန်၊
- နိုင်ငံတော်ကို အကျိုးပြုမည့် ပညာရှင်များ မွေးထုတ် ပေးရန်၊

- အသက်မွေးဝမ်းကျောင်းမှုကို အထောက် အကူပြုမည့် အတတ်ပညာနှင့် သိပ္ပံပညာကို ဦးစားပေး၍ သင်ကြား လေ့ကျင့်ပေးရန်၊
- နိုင်ငံအကျိုးပြု သုတေသန လုပ်ငန်းများ၊ ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ၊ ဘာသာရပ် အကျိုးပြု သုတေသန လုပ်ငန်းများနှင့် လက်တွေ့ အသုံးချနိုင်သည့် သုတေသန လုပ်ငန်းများကို ဆောင်ရွက်ရန်၊
- လုပ်အားကို ဂုဏ်ယူလိုစိတ်ရှိအောင် သင်ကြား လေ့ကျင့် ပေးရန်၊
- နိုင်ငံတော်တည်ဆောက်ရာတွင် ပါဝင်နေကြသော တိုင်းရင်းသားပြည်သူတို့၏ ပညာဉာဏ် အမြော်အမြင်ကိုလည်းကောင်း၊ ကျွမ်းကျင်မှု ကို လည်းကောင်း အစဉ်မပြတ် တိုးတက် ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- ပညာရပ်နှင့် ပညာပတ်ဝန်းကျင် ကောင်းများကို လည်းကောင်း၊ သက်ဆိုင်ရာ အရင်းအမြစ်များကို လည်းကောင်း၊ အသုံးပြု၍ လူ့အဖွဲ့ အစည်းများက တောင်းဆိုသည့် ပညာရပ်များကို ပို့ချနိုင်မည့် အစီအစဉ် များတိုးချဲ့ ဆောင်ရွက်ရန်နှင့် တည်တံ့ခိုင်မြဲ တိုးတက်နေစေရန်၊
- ဒေသအလိုက် ပညာရည်ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေး အတွက် ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်ပညာသင်ဆုများ ချီးမြှင့် ပေးရန်၊
- မိမိဒေသဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သော သင်ကြားရေး အစီအစဉ်သစ်များကို အဆင့်မြင့်ပညာ သင်ကြားမှုဆိုင်ရာ ဌာနများ အလိုက် တီထွင်ကြံဆ အကောင်အထည် ဖော်ရန်၊
- အနာဂတ် အဆင့်မြင့်ပညာရေးသည် အရည်အသွေး တိုးတက်မှုဆိုင်ရာ ပြောင်းလဲမှုကို ဦးတည်ရန်၊ ပညာရပ် များကို ကျယ်ကျယ်

ပြန့်ပြန့် သိရှိ သာမကဘဲ ကျယ်ပြန့်မှုနှင့် အတူ နက်နဲမှုဆိုင်ရာ လေ့လာခြင်း၊ လေ့လာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆ နိုင်ခြင်းနှင့် လေ့လာစရာ နယ်ပယ်သစ်များကို မြင်နိုင်စွမ်း ရှိခြင်းတို့ကိုပါ စွမ်းဆောင်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရန်၊

- သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပညာရပ် ဆိုင်ရာ တိုးတက်မှု အတွက် သုတေသန ဆောင်ရွက်ခြင်း၊ ပြင်ပလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ နည်းပညာသစ် လိုအပ်သဖြင့် ရှာဖွေနေသော အခြား သောလုပ်ငန်းများ အတွက်ပါ အထောက်အကူ ပြုနိုင်သော သုတေသန လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်အကျိုး အတွက် တိုက်ရိုက် အကျိုးပြုမည့် သုတေသန လုပ်ငန်း များကို ဆောင်ရွက်ရန်၊
- အဆင့်မြင့်ပညာ လေ့လာသင်ယူလိုသော်လည်း ပုံမှန် နေ့သင်တန်း များကို တက်ရောက်ရန် အခက်အခဲ ရှိသူများအတွက် အဝေးသင် သင်တန်း များနှင့် အချိန်ပိုင်း သင်တန်းများကို ပိုမို ထိရောက်စွာ သင်ကြားနိုင်ရေး ဆောင်ရွက်သွားရန်၊
- သင်ကြားသင်ယူမှု လုပ်ငန်းများ ထိရောက်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သော အဆောက်အဦများ ထပ်မံ ဆောက်လုပ်ရန်နှင့် သင်ထောက်ကူ ပစ္စည်းများ ဖြည့်ဆည်းပေးရန်
- ပညာရပ်ပတ်ဝန်းကျင်နှင့် ပညာပတ်ဝန်းကျင် ကောင်းများကို အဆင့်မြင့် ပညာ သင်ကြားမှုဆိုင်ရာ ဌာနများတွင် ဖန်တီးပေးရန်၊ နိုင်ငံတကာ ပညာရေး နယ်ပယ်များနှင့် ဆက်သွယ် ဆောင်ရွက် နိုင်သည့် အဆင့်မြင့် ပညာသင်ကြားမှု ဆိုင်ရာဌာနများ ဖြစ်စေရန်နှင့် နိုင်ငံခြားဘာသာ စကားများကိုတိုးချဲ့ သင်ကြားရန်၊ ဘွဲ့ကြို ကျောင်းသားများသည် နိုင်ငံတကာသုံး အင်္ဂလိပ်စာ ဘာသာရပ်ကို ဆက်သွယ်ရေး အတွက်နှင့် ပညာရပ်ဆိုင်ရာတွင် ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက် ရန်၊

- လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မည်သို့ပင် ကမ္ဘာ့နိုင်ငံအများ ဆက်စပ် ယှက်နွယ် ဖြစ်ပေါ်ပြောင်းလဲ လာသော်လည်း မြန်မာ နိုင်ငံ၏ အမျိုးသားရေး အကျိုးစီးပွား၊ အမျိုးသားရေး တန်ဖိုးနှင့် အမျိုးသားရေး စံနှုန်းများ လျော့ပါး ပျောက်ပျက် မသွားစေရန် အတွက် သင်ရိုး ညွှန်းတမ်းများတွင် လည်းကောင်း၊ သင်ကြားရေး အစီအစဉ် သစ်များတွင် လည်းကောင်း၊ သုတေသန လုပ်ငန်းများတွင် လည်း ကောင်း၊ အများပြည်သူအတွက် ပညာပေး လုပ်ငန်းများတွင် လည်း ကောင်း၊ အစဉ်အမြဲ အထူး သတိပြုလျက် အကောင် အထည်ဖော်ရန်၊

(ခ) သိပ္ပံနှင့် နည်းပညာ

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကိုအသုံးချ၍ သုတေသန လုပ်ငန်းများ တိုးချဲ့ရန်၊

(ခခ) အရည်အချင်း ပြည့်ဝသော လူသား အရင်းအမြစ်များ ပြုစုပျိုးထောင် ပေးရန်၊

(ဂဂ) နျူကလီးယားနည်းပညာများ လုံခြုံစိတ်ချစွာနှင့်အကျိုးရှိစွာအသုံးချရန်၊

(ဃဃ) ခေတ်မီ ဓာတ်ခွဲခန်းများ ဖြစ်စေရေးအတွက် လက်ရှိ ဓါတ်ခွဲခန်းများ အား အဆင့်မြှင့်တင်ရန်၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) သင်ရိုးညွှန်းတမ်းကို နိုင်ငံတကာအဆင့်မီအောင် မြှင့်တင် ပေးရန်၊

(ခခ) စာသင်ခန်း၊ အလုပ်ရုံ၊ စာကြည့်တိုက်များ၊ သင်ထောက်ကူ ပစ္စည်းများ အဆင့်မြှင့် တင်ရန်၊

(ဂဂ) နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ အောင်မြင်စွာ ပေါ်ထွန်းလာ စေရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ကျောင်းများအချင်းချင်း ဆက်သွယ်အသုံးပြုနိုင်သည့် ကွန်ယက် စနစ် အချက် အလက်များ ပေးပို့ခြင်း ဆောင်ရွက်မည်။

(ခခ) ကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်၊ကောလိပ်၊ သိပ္ပံများတွင် ဆရာ ဖြစ် သင်တန်းများ တိုးချဲ့ဖွင့်လှစ်၍ အသစ်ခန့်ထားမည့် ဆရာ/ ဆရာမ များအား ပိုမို အရည်အချင်း ပြည့်ဝစေရေးကိုဆောင်ရွက်ရန်နှင့် လိုအပ် သည့် စက်ပစ္စည်း ကိရိယာများ ဖြည့်တင်း ပေးမည်။

(ဂဂ) ကွန်ပျူတာဖြင့် ချိတ်ဆက် ကြည့်ရှုနိုင်သော စာကြည့်တိုက်များကို ချိတ်ဆက် အသုံးပြုနိုင်ရေး ဆောင်ရွက်မည်။

(ဃဃ) သင်ရိုးညွှန်းတမ်းစာအုပ်များ နိုင်ငံတကာအဆင့်မီစေရေး လိုအပ်သလို ပြင်ဆင် ရိုက် နှိပ်ထုတ်ဝေသွားမည်။

(ငင) သုတေသနစီမံချက်များ ရေးဆွဲ၍ တက္ကသိုလ်များ၊ သုတေသန ဌာနများ တွင် ကဏ္ဍတစ်ခုချင်းအလိုက် စီမံချက်များရေးဆွဲဆောင်ရွက်သွားမည်။

(ဂ) ကျန်းမာရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) နိုင်ငံတော်၏ ဦးစားပေး ကျန်းမာရေး ပြဿနာများကို ဖြေရှင်းရေး၊

(ခခ) ကျေးလက်ဒေသကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊

(ဂဂ) ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များပြည့်မီရေး၊

(ဃဃ) ကျန်းမာရေးစနစ် အားဖြည့် ဆောင်ရွက်ခြင်းကို အထူး အလေးပေး ဆောင်ရွက်ရေး၊

(ငင) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေ များ တိုးတက်ကောင်းမွန် ဖြစ်ပေါ်စေရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ၊ ကျား/မ နှင့် နေထိုင်ရာဒေသ မရွေးလက်လှမ်းမီ သာတူညီမျှရရှိပြီး ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များကို သိရှိလိုက်နာ ကျင့် သုံးနိုင်စေရန်၊

(ခခ) ရောဂါများနှင့် ကျန်းမာရေးအခြေအနေများအား ပြည်သူ့ကျန်းမာရေး ပြဿနာများအဖြစ်သို့ ပေါ်ပေါက်လာခြင်း မရှိစေရေးအတွက် ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်ရန်နှင့် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်တည်ရှိနေသော ရောဂါနှင့် ကျန်းမာရေး အခြေအနေများ လျော့နည်း ပပျောက်စေရန်၊

(ဂဂ) အခြေခံ/အဓိကဆေးဝါးများ၊ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများကို လုံလောက်စွာ ရရှိစေရေးနှင့် ပြည်သူများအန္တရာယ်ကင်းသော အစားအသောက်နှင့် ဆေးဝါးများရရှိစားသုံးနိုင်ရေး အတွက် ဆောင်ရွက်ရန်၊

(ဃဃ) ကျန်းမာရေး စောင့်ရှောက်မှု အမျိုးအစားအလိုက် လိုအပ်မည့် ကျန်းမာရေး လူ့စွမ်းအားစုများကို အရည်အသွေးပြည့်ဝစွာ လေ့ကျင့် မွေးထုတ်ခြင်းနှင့် ထိရောက် အကျိုးရှိစွာ အသုံးချခြင်းကို ဟန်ချက်ညီ စီမံဆောင်ရွက်ရန်၊

(ငင) ကျန်းမာရေးမူဝါဒ၊ စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် အထောက်အကူ ပြုစေရေးအတွက် ခိုင်လုံသော အထောက်အထား အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိနိုင်ရေးအတွက် ကျန်းမာရေး သတင်းစနစ်ကို အားဖြည့်ဆောင်ရွက်ရန်နှင့် အခြေခံသုတေသန၊အသုံးချသုတေသနနှင့်ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစနစ်ဆိုင်ရာ သုတေသနများကို ဟန်ချက်ညီညီ တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) တည်ဆဲကျန်းမာရေး ဆိုင်ရာဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးရေး၊ ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ရှိစေရန် ပြင်ဆင်ရေးနှင့် လိုအပ်သော ဥပဒေသစ်များ ရေးဆွဲနိုင်ရေးအတွက် အမြဲမပြတ်လေ့လာသုံးသပ်အကြံပြု ဆောင်ရွက်ရန်၊

(ဆဆ) ပြည်သူလူထု၏ ကျန်းမာရေးအဆင့်မြင့်တင်ရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးနှင့် နီးနွယ် စပ်ဆက်နေသည့်ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း ဆောင်ရွက်မှုကိုမြှင့်တင်ရန်၊

(ဇဇ) နိုင်ငံတကာ ကျန်းမာရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်း ပကတိ အခြေအနေများနှင့် လိုက်လျောညီထွေရှိသည့် ကျန်းမာရေး စနစ် ဖြစ်ပေါ်လာစေရေး ဦးတည် ဆောင်ရွက်ရန်။

(ဈဈ) သက်ဆိုင်သော ကျန်းမာရေး ပြဿနာများကို အာဆီယံ စံနှုန်းများနှင့် အညီ ဆောင်ရွက်ဖြေရှင်းနိုင်ရန် အစားအသောက်နှင့် ဆေးဝါး လုံခြုံ စိတ်ချရေး၊ လုပ်ငန်းခွင် ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး ဓါတ်ခွဲလုပ်ငန်းများ တိုးချဲ့ရေးများကို အကောင် အထည်ဖော်ဆောင်ရွက်ရန်၊

(ညည) ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှု ပေးရာတွင် ကျောင်းသားကျောင်းသူ လူငယ်များအပါအဝင် ပြည်သူအားလုံး၏ ဘဝသက်တမ်းတစ်လျှောက် ကျန်းမာရေး အသိပညာ တိုးပွားရေး နှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) မိမိနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိပြီး ခေတ်စနစ်နှင့် ကိုက်ညီသည့် ကျန်းမာရေး မူဝါဒ များချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရေး၊

(ခခ) ပြည်သူလူထု၏ လိုအပ်ချက်အပေါ်အခြေခံ၍ သက်ဆိုင်ရာကဏ္ဍ အလိုက် ကျန်းမာရေးစီမံကိန်း၊ စီမံချက်များ ရေးဆွဲဆောင်ရွက် ရေး၊

(ဂဂ) ကျန်းမာရေးစီမံခန့်ခွဲမှုသတင်းစနစ် အားဖြည့်ဆောင်ရွက်ရေး အတွက် ကျန်းမာရေး စာရင်းဇယားများစနစ်တကျပြုစုရေး၊

(ဃဃ) ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး ပြည့်ဝစေရန် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပြည်တွင်း ပြည်ပ အဆင့်မြင့် ပညာများ လေ့ကျင့်သင်ကြားရေး၊

(ငင) ပြည်တွင်းပကတိအခြေအနေနှင့် နိုင်ငံတကာ ကျန်းမာရေး လုပ်ငန်း စဉ်များနှင့် လိုက်လျောညီထွေမှုရှိမည့် ကျန်းမာရေးစနစ် ဖွံ့ဖြိုး တိုးတက်စေရန် အခြေခံနှင့် အသုံးချ ကျန်းမာရေး သုတေသန လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရေး၊

(စစ) ဝင်ငွေနည်း ပြည်သူလူထုအတွက် ပြည်သူလူထု အခြေပြု ကျန်းမာရေး ဖေါင်ဒေးရှင်းများနှင့် အခြားသင့်လျော်သည့် အစီအစဉ် များ ဖြစ်ပေါ် လာစေရန် ကူညီဆောင် ရွက်ပေးရေး၊

(ဆဆ) ကျန်းမာရေးနှင့် နီးနွယ်ဆက်စပ်နေသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊

(ဇဇ) အဆင့်မီ ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများ ဥပဒေနှင့်အညီ ပေါ်ထွန်းရေး၊

(ဈဈ) ကျောင်းသား ကျောင်းသူ လူငယ်များအပါအဝင် ပြည်သူလူထု နယ်ပယ်တွင် ကျန်းမာ ရေးအသိပညာတိုးပွားရေး၊

(ညည) ဝေးလံသော နယ်စွန်နယ်ဖျား ဒေသများတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊

(ဋဋ) ကျန်းမာခြင်းကို အထောက်အကူဖြစ်စေသည့် အခြေအနေများကို တိုးတက် ကောင်းမွန်စေရေး၊

(ဌဌ) တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊

(ဍဍ) မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်များ ဘဝသက်တမ်း တစ်လျှောက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး၊

(ဎဎ) အာဟာရ ဖွံ့ဖြိုးရေး၊

(ဏဏ) အစားအသောက်နှင့် ဆေးဝါးလုံခြုံစိတ်ချရေး၊ လုပ်ငန်းခွင် ကျန်းမာရေး၊ ပတ်ဝန်းကျင် ကျန်းမာရေးနှင့် ပြည်သူ့ကျန်းမာ ခါတ်ခွဲခန်း လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊

(တတ) ကုသမှုအရည်အသွေးမြှင့်တင်ရေးနှင့် လွှမ်းခြုံမှုတိုးတက်ရေး၊

(ထထ) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊

(ဒဒ) ကူးစက်ရောဂါမဟုတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး၊

(ဓဓ) ကျေးလက်/နယ်စပ်ဒေသနှင့် မြို့ပြဆင်ခြေဖုံးဒေသများတွင် ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုနည်းလမ်းဖြင့် ကျန်းမာရေး စောင့်ရှောက် မှု ပေးရေးနှင့် လွှမ်းခြုံမှု မြှင့်တင်ရေး၊

(နန) အစားအစာနှင့်ဆေးဝါးများ အရည်အသွေးပြည့်မီ၍ အန္တရာယ် ကင်းရှင်းရေး၊

(ပပ) အဓိကဆေးဝါး၊ အခြေခံဆေးဝါး၊ ကာကွယ်ဆေးများ၊ တိုင်းရင်း ဆေးဝါးများ အလုံအလောက်ရရှိရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေး များ စနစ်တကျဖြစ်စေရေး၊

(ဖဖ) ကျန်းမာရေးကဏ္ဍ တိုးတက် မြင့်မားစေရန် ပြည်တွင်းပြည်ပ အကူအညီများအား စနစ်တကျအသုံးချရေး၊

(ဗဗ) ကျန်းမာရေးစွမ်းအားစုများအား အကျိုးရှိစွာအသုံးချရေး၊

(ဃ)ယဉ်ကျေးမှု

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး လက္ခဏာ များ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခခ) နိုင်ငံသားအားလုံးတွင် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန် ခိုင်မာရေး ဆောင်ရွက်ရန်၊

(ဂဂ) တိုင်းတစ်ပါး သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက် လာခြင်း ကို တားဆီးရန်၊

(ဃဃ) လူငယ်ထုအတွင်း ယဉ်ကျေးမှုကိုယ်ခံအား ကောင်းမွန်စေရေး အတွက် ပြုစု ပျိုးထောင်ရန်၊

(ငင) မြန်မာ့ရိုးရာ ပန်း ( ၁၀ )မျိုး အနုပညာများ ဖော်ထုတ်ထိန်း သိမ်းရန်၊

(စစ) နိုင်ငံအချင်းချင်း ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(ဆဆ) မြန်မာ့မူမှန်ပြက္ခဒိန်များ ရေးဆွဲထုတ်ပြန်နိုင်ရေး စီစစ်ဆောင်ရွက်ရန်၊

(ဇဇ) မြန်မာ့အနုသုခုမပညာရပ်များ အစဉ်အလာနှင့်အညီ ကိုက်ညီမှုရှိ-မရှိ စိစစ်ရန်၊

(ဈဈ) အခြေခံဖြစ်သော အနုပညာ အထက်တန်းကျောင်းများမှသည် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များတွင် အဆင့်မြင့် အနုပညာမျိုးဆက် သစ်များကို လေ့ကျင့်မွေးထုတ်ရန်၊

(ညည) သမိုင်းဝင်ရှေးဟောင်းဒေသများ၊ အဆောက်အအုံများ၊ ရှေးဟောင်း ပစ္စည်းများ ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန်၊

(ဋဋ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း နိုင်သည် နှင့်အမျှ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် တစ်ဆက်တစ်စပ်တည်းသော ခိုင်မာသည့် မြန်မာ့သမိုင်းစဉ် ဖော်ထုတ်ရေးအတွက် အထောက်အကူ ဖြစ်စေရန်၊

(ဌဌ) ပြည်တွင်း၊ ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အသိပညာ ဗဟုသုတဆိုင်ရာ ဗဟိုဌာနအဖြစ် ပြတိုက်နှင့် စာကြည့်တိုက်များက ရပ်တည်၍ သတင်းအချက် အလက်များ ဝန်ဆောင်မှုပေးရန်၊

(ဍဍ) ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆ၊ စိတ်နေသဘောထား များကို တိုးတက် ပြောင်းလဲနေသော ခေတ်နှင့်လျော်ညီအောင် လှုံ့ဆော်ပညာပေးရန်၊

(ဎဎ) မြန်မာသမိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်၍ တစ်ဆက် တစ်စပ်တည်းသော မြန်မာသမိုင်းကိုရေးသား ပြုစုခြင်း၊ ထုတ်ဝေခြင်းများ ပြုလုပ်ရန်၊

(ဏဏ) ပြည်တွင်းပြည်ပမှ အထောက်အထား၊ အချက်အလက်များ စုဆောင်းရှာဖွေ စိစစ်ပေးရန်၊

(တတ) သမိုင်းပညာရှင်များ ပြုစုပျိုးထောင်ရန်၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) အနုပညာဦးစီးဌာနတွင် အနုပညာ မျိုးဆက်သစ်များအား လေ့ကျင့်ပျိုးထောင် ပေးသည့် အခြေခံကျောင်းဖြစ်သော အနုပညာအထက်တန်းကျောင်းများမှ အဆင့်မြင့် လေ့ကျင့်ပျိုးထောင်ပေးသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များအထိ အနုပညာရှင် မျိုးဆက်သစ် များကို လေ့ကျင့် မွေးထုတ် ပေးရန်၊

(ခခ) မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုဆိုင်ရာ အဆို၊ အက၊ အရေး၊ အတီးနှင့် ဆို၊ ငို၊ ပြော၊ ဇာတ်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့်နှင့် ဂန္ထဝင်ဇာတ်ကြီးများ၊ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအက တေးဂီတတို့ကို လေ့လာဖော်ထုတ် ထိန်းသိမ်းရန်၊

(ဂဂ) နိုင်ငံအချင်းချင်း ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက် ရန်၊

(ဃဃ) မြန်မာ့ရိုးရာယဉ်ကျေးမှု စစ်စစ်ပြသသည့် ပဒေသာကပွဲများ၊ ဇာတ်တော်ကြီး များ ပြည်သူသို့ တင်ဆက်ကပြရေး ဆောင်ရွက်ရန်၊

(ငင) မဟာဂီတသီချင်းကြီး:များ၏ စာသား၊ သံစဉ်၊ ဆိုဟန်၊ တီးကွက်များ နိုင်ငံတော်မူအဖြစ် ထားရှိထိန်းသိမ်းရေးနှင့် ပြန့်ပွားစေရေးဆောင်ရွက်ရန်၊

(စစ) မြန်မာ့အနုသုခုမပညာရပ်များ၊ ရိုးရာတူရိယာပစ္စည်းများ၊ ထင်ရှားကျော်ကြားသော အနုပညာရှင်များ၏ အတ္ထုပ္ပတ္တိများ ဌာန၏ မှီငြမ်းပြုစရာ မှတ်တမ်းအဖြစ် ကျန်ရှိစေရန်နှင့် ပြည်သူများအား သိရှိစေရေးဆောင်ရွက်ရန်၊

(ဆဆ) မြန်မာ့သမိုင်းမတင်မီခေတ် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်လေ့လာရာတွင် ကွင်းဆင်းလေ့လာရန်နှင့် မြန်မာနိုင်ငံ၏ ပရိုင်းမိတ်သုတေ သနလုပ်ငန်း၊ ကျောက် ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှု

သုတေသန လုပ်ငန်းများဆောင်ရွက်ရန်နှင့် မြန်မာ့ရှေးမြို့ဟောင်းများ၊ ရှေးဟောင်းနေရာ များ တူးဖော်သုတေသနပြုရန်၊

(ဇဇ) သမိုင်းဝင်ရှေးဟောင်းဒေသများ၊ ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ် ထိန်းသိမ်း၍ ဥပဒေနှင့်အညီ ဇုန်နယ်မြေများ သတ်မှတ်ကာကွယ် စောင့်ရှောက်ရန်၊

(ဈဈ) ရှေးဟောင်းကမ္ပည်းစာ (ကျောက်စာ၊ ခေါင်းလောင်းစာ၊ နံရံမင်စာ စသည့်)၊ ရှေးဟောင်းပစ္စည်းများ စုဆောင်းမှတ်တမ်းတင် သုတေ သနပြုရန်၊

(ညည) ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ်၍ ခင်းကျင်း ပြသရေးလုပ်ငန်းများ၊ သတင်းအချက်အလက် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဋဋ) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းသို့ တင်သွင်းရေးနှင့် အမျိုးသားအဆင့် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဌဌ) တစ်ဆက်တစ်စပ်တည်း ခိုင်မာသည့် မြန်မာ့သမိုင်းစဉ် ဖော်ထုတ်ရေး အတွက် အထောက်အကူဖြစ်စေသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်၍ ရေရှည် တည်တံ့အောင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လိုအပ် သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(ဍဍ) အစဉ်အလာကြီးမားသော မြန်မာ့သမိုင်း၊ အဆင့်အတန်းမြင့်မားသော မြန်မာ့ ယဉ်ကျေးမှု၊ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းနေထိုင်ကြပုံ၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဘဝနှင့် သဘာဝ သယံဇာတပစ္စည်းများ ကြွယ်ဝမှု၊ မြန်မာတို့၏ အစဉ် အလာကောင်းများအမျိုးသားရေးတန်ဖိုးနှင့် အမျိုးသားရေးစံနှုန်းများ လူတိုင်းခံယူကျင့်သုံး တတ်အောင် ပညာပေးရေးနှင့် အိမ်နီးချင်းနိုင်ငံများ အချင်းချင်း နားလည်မှု၊ ရင်းနှီးချစ်ခင်မှု စသည်တို့ကို ဖော်ထုတ်ရန်နှင့် သိရှိနားလည်အောင် ဆောင်ရွက်ရန်၊

(ဎဎ) သမိုင်းဆိုင်ရာအထောက်အထားများ၊ သုတေသနများ ပြုလုပ်ခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(ဏဏ) မြန်မာသမိုင်းကို ဖော်ထုတ်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှုကို အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ခြင်းစသော နိုင်ငံသားတိုင်း ဆောင်ရွက်ရမည့် တာဝန်များကို ပိုမို သိရှိနားလည်နိုင်ရေး ဆောင်ရွက် ပေးရန်၊

(၃) လုပ်ငန်းစဉ် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) ပြည်တွင်း၊ ပြည်ပ အခမ်းအနားများတွင် ဖျော်ဖြေတင်ဆက်ရန်၊

(ခခ) မျိုးဆက်သစ်အနုပညာရှင်များ ပြုစုပျိုးထောင်ပေးရန်၊

(ဂဂ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ပန်း( ၁၀ )မျိုး ဘာသာရပ်ဖြစ်သော ပန်းတိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းယွန်း ဘာသာရပ်များကို ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်လျက် ရှိရန်၊

(ဃဃ) အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရိုးရာအက၊အဆို၊ အတီးများ သုတေသနပြုဆောင်ရွက်ရန်၊

(ငင) မဟာဂီတသီချင်းများ စာသားမူမှန်ဖြစ်ရေး၊ စည်းဝါးသံကျ ဟန်ထား မှန်ကန်မှုနှင့် ခက်ဆစ်စာသား ဂီတသင်္ကေတများနှင့် အသံထွက်များ နိုင်ငံတော်မူဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(စစ) ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲတွင် ဖျော်ဖြေတင်ဆက်ရန် အတွက် လေ့ကျင့် ဆောင်ရွက်ရန်၊

(ဆဆ) သတင်းအချက်အလက် နည်းပညာကို ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး ဝန်ထမ်းများ ခန့်ထားမွေးမြူလေ့ကျင့်ဆောင်ရွက်ရန်၊

(ဇဇ) နေပြည်တော်တွင် အမျိုးသားဇာတ်ရုံတစ်ရုံ တည်ဆောက်နိုင်ရန် စီစဉ် ဆောင်ရွက်ရန်၊

(ဈဈ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌ မဟာတန်းများ ဖွင့်လှစ် နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ညည) မြန်မာ့အနုသုခုမပညာရပ်များ၊ ရိုးရာတူရိယာပစ္စည်းများ၊ ထင်ရှား ကျော်ကြားသော အနုပညာရှင်များ၏ အတ္ထုပ္ပတ္တိများဌာန၏ မှီငြမ်း ပြုစုရာ မှတ်တမ်းအဖြစ် ကျန်ရှိစေရန်နှင့် ပြည်သူများအား သိရှိစေရေး ဆောင်ရွက်ရန်၊

(ဋဋ) ( ၁၉ )ကြိမ်မြောက် မြန်မာ့တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ရန်၊

(ဌဌ) ရှေးဟောင်းသုတေသနဆိုင်ရာ ကွင်းဆင်းသုတေသနပြုရန်၊ မြို့ဟောင်း များ တူးဖော် သုတေသနပြုရန်နှင့် ရှေးဟောင်း အဆောက်အအုံ၊ စေတီ၊ ဂူဘုရား နန်းတော်များ ထိန်းသိမ်းရန်၊

(ဍဍ) အမျိုးသားပြတိုက် (နေပြည်တော်)အတွက် စုဆောင်းထားရှိသော ရှေးဟောင်း ပစ္စည်းများ၊ ပန်းချီ၊ ပန်းပု အနုလက်ရာပစ္စည်းများကို ပြည်တွင်းတွင် လည်းကောင်း၊ ပြည်ပတွင်လည်းကောင်း အထူးပြပွဲများ ခင်းကျင်းပြသရန်နှင့် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ရန်၊

(ဎဎ) ပြခန်းများအလိုက် ပြသမည့်ပစ္စည်းများ ပုံစာများ ရေးသားပြုစုခြင်း၊ ပြသပစ္စည်းများ စာရင်းပြုစုရန်၊

(ဏဏ) ပြခန်းအလိုက် ပြသပစ္စည်းများ စနစ်တကျ ပြသနိုင်ရေးအတွက် ပြခန်း ပန္နက်ပုံများ စနစ် တကျရေးဆွဲရန်၊ ပြုလုပ်ရန် ကျန်ရှိသော ပုံစံတူ၊ ရုပ်လုံး၊ ရုပ်ကြွများအား ပညာရှင်များ၏ အကြံပြုချက်များ ရယူ ဆောင်ရွက်ရန်၊

(တတ) အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အတွက် စာစုလုပ်ငန်းများ၊ စာပြုလုပ်ငန်းများ၊ စာကြည့်တိုက်ပညာပေးလုပ်ငန်းများ ကလေး စာကြည့်တိုက်လုပ်ငန်းများ၊ စာဖတ်ခန်းများ ဖွင့်လှစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ထထ) ထိတွေ့ကိုင်တွယ်၍ရသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထိတွေ့ ကိုင်တွယ်၍ မရသော ယဉ်ကျေးမှုအမွေအနှစ်များစာရင်း ကောက်ယူရန်။ အမွေအနှစ်များ စာရင်းတွင် ထည့်သွင်းရန်နှင့် ထိန်းသိမ်းရန်၊

(ဒဒ) ထားဝယ်မြို့နှင့် သာဂရမြို့ဟောင်းတို့တွင် ဌာနခွဲရုံးတည်ဆောက်၍ ထိန်းသိမ်းရန်၊

(ဓဓ) လားရှိုးဌာနခွဲရုံးအား ရုံးခန်း၊ ပြခန်းများနှင့် စာကြည့်တိုက်တို့ စနစ်တကျ ဖွဲ့စည်းဖွင့်လှစ်ရန်၊

(နန) မကွေးဌာနခွဲနှင့် စစ်ကိုင်းဌာနခွဲတို့တွင် ရုံးတည်ဆောက်ဖွင့်လှစ်ရန်၊

(ပပ) နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေရန် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်း၊ အဆောက်အဦများဖြင့် ကမ္ဘာ့လှည့်ခရီးသည်များအား ဆွဲဆောင်နိုင်ရန် ဆောင်ရွက်ရန်၊

(ဖဖ) ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးမြင့်မားမှု၊ လေးစားတန်ဖိုး ထားမှု သိစိတ်များ ပြည်သူလူထုတို့ထံ ပိုမိုတိုးပွားလာစေရေး သတင်းဆက်သွယ်ရေး သဘောတရား၊ လုပ်ဆောင်မှုတို့ဖြင့် ထိုးဖောက်ဆောင်ရွက်ရန်၊

(ဗဗ) အမျိုးသားပြတိုက် (ရန်ကုန်) အပါအဝင်၊ ပုဂံပြတိုက်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးတို့၌ရှိသော ယဉ်ကျေးမှုပြတိုက်များအား စနစ်တကျ ပြန်လည်ခင်းကျင်းရန်၊

(ဘဘ) ရှေးဟောင်းဘုရားများ၊ လိုဏ်များရှိ နံရံဆေးရေးပန်းချီများနှင့် ရှေးဟောင်း အုတ်ခွက်ဆင်းတုတော်များအား ဓာတုဗေဒနည်းဖြင့် ကြေးချွတ်သန့်စင်၊ ကြံ့ခိုင်စေရန် ထိန်းသိမ်းရန်၊

(မမ) နံရံဆေးရေးပန်းချီရှိသော ရှေးဟောင်း အဆောက်အအုံများနှင့် ရှေးဟောင်း ဘုရားများအား ဒစ်ဂျစ်တယ်နည်းစနစ်ဖြင့် မှတ်တမ်း တင်ရန်၊

(ယယ) စာရင်းကောက်ယူရန်ကျန်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် ရှေးဟောင်းအဆောက်အအုံများစာရင်း ကောက်ယူခြင်း၊ ထိန်းသိမ်းရန်၊

(ရရ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်သမိုင်း စာအုပ်ပုံနှိပ်ထုတ်ဝေရန်၊

(လလ) ကိုလိုနီခေတ်သမိုင်း စာစုစာရင်းနှင့် အညွှန်းစာအုပ်ထုတ်ဝေရန်၊

(ဝဝ) မြန်မာသမိုင်းအစဉ်အလာနှင့်ဒို့တာဝန်အရေးသုံးပါး စာအုပ်ထုတ်ဝေရန်၊

(သသ) မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၂) စာအုပ် ပုံနှိပ်ထုတ်ဝေရန်၊

(ဟဟ) ပြည်တွင်းပြည်ပမှ ရှားပါးစာအုပ်များ စုဆောင်းရန်၊

(ဋဋ) ရှေးမြို့ဟောင်းများသို့ သွားရောက်၍ ကွင်းဆင်းသုတေသနပြု လေ့လာပြီး တွေ့ရှိရသော အထောက်အထားများကို အခြခံ၍စာအုပ် စာတမ်းများ ရေးသား ပြုစုရန်၊ ပုံနှိပ်ထုတ်ဝေရန်။

(င) ပြန်ကြားရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) ပြည်တွင်းပြည်ပ သတင်းများနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပြည်သူများသို့ မှန်မှန်ကန်ကန် ပြန်ကြားအသိပေးရန်၊

(ခခ) အလားတူ ပြည်သူများ၏ သဘောထားနှင့် ရည်တည်ချက်များကိုလည်း တာဝန်ရှိသူများ သိရှိနိုင်အောင် ပြန်လည်ထင်ဟပ် ဖော်ပြပေးရန်၊

(ဂဂ) ပြည်သူများ အသိဗဟုသုတ မြင့်မားစေရန်နှင့် အမှား/အမှန် ခွဲခြားဆုံးဖြတ်နိုင်စေရန်အတွက် ဖြစ်စဉ်၊ဖြစ်ရပ်များကို ရှုထောင့်တစ်ခုတည်းမှ မဟုတ်ဘဲ ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြ အသိပညာပေးရန်၊

(ဃဃ) ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် ပုဂ္ဂလိက မီဒီယာများအနေဖြင့် အရည်အချင်း ပြည့်ဝပြီး စစ်မှန်သော စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နိုင်ရေး၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံ တရားတို့ကို ဟန်ချက်ညီ ယှဉ်တွဲကျင့်သုံး ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ငင) နိုင်ငံပိုင် မီဒီယာများကို အနာဂတ် အခြေအနေနှင့် လိုက်လျောညီထွေရှိစေရေး အဆင့်ဆင့် ပြုပြင်ပြောင်းလဲဖော်ဆောင်သွားရန်၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် ထိန်းသိမ်းရေး အတွက် မီဒီယာနည်းဖြင့် ဆောင်ရွက်ရန်၊

(ခခ) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂဂ) မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များအပေါ် ပြည်တွင်းပြည်ပမှ အမှန်အတိုင်း သိရှိနိုင်ရေး ဆောင်ရွက်ရန်၊

(ဃဃ) ယနေ့ခေတ် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ မိမိတို့၏ မီဒီယာများ ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ရန်၊

(ငင) မြန်မာ့မီဒီယာလောကကို အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံသည့် စစ်မှန် သော စတုတ္ထမဏ္ဍိုင်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(စစ) နယ်စပ်ဒေသမကျန် တစ်နိုင်ငံလုံး သတင်းပြန်ကြားရေးကွန်ရက် လွှမ်းခြုံနိုင်ရေး ဆောင်ရွက် ရန်၊

(ဆဆ) ပြည်တွင်းသာမက ပြည်ပသို့ပါ မိမိတို့ မီဒီယာ ထိုးဖောက် ရောက်ရှိနိုင်ရေး ဆောင်ရွက်ရန်၊

(ဇဇ) ရုပ်ရှင် ဗီဒီယို ဇာတ်ကားများ မြန်မာ့ယဉ်ကျေးမှု စရိုက် လက္ခဏာများနှင့် ညီညွတ်စေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်၊

(ဈဈ) နိုင်ငံတော်က လမ်းညွှန်ပေးသော မြန်မာစာပေ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ညည) အမျိုးသား အကျိုးစီးပွား ဘက်တော်သား ၊ အရည်အသွေး မြင့်မားသော မီဒီယာ သမားကောင်းများဖြစ်စေရေး လေ့ကျင့်ပျိုးထောင်ရန် ။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) မီဒီယာဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသစ်ရေးဆွဲ/ပြင်ဆင်/ ဖြည့်စွက်/ပြဋ္ဌာန်းခြင်းများ ပြုလုပ်နိုင်ရေးဆောင်ရွက်ရန်၊

( ခ ) မြန်မာ့မီဒီယာလောကကို အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာရေး မြှင့်တင်ကြိုးပမ်း ဆောင်ရွက် ရန်၊

( ဂ ) မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Media Development Centre ကို တစ်ဆင့်ပြီးတစ်ဆင့် ထူထောင်လေ့ကျင့် သင်ကြားပေးရန်၊

(ဃ) သတင်းထုတ်ပြန်ရေးကိစ္စရပ်များ ပိုမိုသွက်လက်ထိရောက်စွာ ဆောင်ရွက် နိုင်ရေး အတွက် နိုင်ငံတော်ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေး အဖွဲ့က ဦးဆောင်၍ ဝန်ကြီးဌာနအလိုက် သတင်းထုတ်ပြန်ရေး တာဝန်ခံနှင့် သတင်း ထုတ်ပြန်ရေးအဖွဲ့ များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပူးပေါင်းဆောင်ရွက်ရန်၊

( င ) ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်းစဉ် များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( စ ) ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို တစ်နိုင်ငံလုံး ပိုမို လွှမ်းခြုံနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုကို Analog မှ Digital ထုတ်လွှင့်မှု စနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရန်၊

(ဇ) ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သတင်းရိုက်ကူး ထုတ်လွှင့်မှုများ အဆင်ပြေချောမွေ့အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(ဈ) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေး အတွက်စာကြည့်တိုက် ဖောင်ဒေးရှင်း နှင့်ပူးပေါင်းဆောင်ရွက်ရန်၊

(ည) ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန်၊ အနှစ်သာရ ပိုမိုကောင်းမွန်ပြီး ကျေးလက်ပြည်သူများလက်ဝယ်သို့ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိ ရောက်ရှိ နိုင်ရေးဆောင်ရွက်ရန်၊

(ဋ) ကျေးရွာတိုင်း သတင်းစာ၊ စာနယ်ဇင်းအနည်းဆုံးတစ်စောင်စီ ရောက် ရှိရေး၊ ကျေးရွာတိုင်း ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးရရှိရေး၊ အိမ်ထောင်စုတိုင်း ရေဒီယို တစ်လုံး ရရှိရေး စည်းရုံးကြိုးပမ်း ဆောင်ရွက်ရန်၊

(ဌ) နိုင်ငံတော်၏မူဝါဒနှင့်အညီ မြန်မာစာပေ မြှင့်တင်ရေးလုပ်ငန်းများနှင့် စာပေ လောကနှင့် စာပေလောကသားများဘဝ တိုးတက်မြင့်မားအောင် ကြိုးပမ်း ဆောင်ရွက်ရန်၊

(ဍ) နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ ပုံနှိပ်လုပ်ငန်းများဆောင်ရွက်ရန်။

(ဎ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းများအားလုံး ခေတ်နှင့်အညီ တိုးတက် လာစေရေး ဆောင်ရွက်ရန်၊

(ဏ) စာပေဗိမာန်စာကြည့်တိုက်ကို ခေတ်မီစာကြည့်တိုက်အဖြစ် တစ်ဆင့်ပြီး တစ်ဆင့် မြှင့်တင်ဆောင်ရွက်သွားရန်၊

(တ) နေ့စဉ်ထုတ်သတင်းစာများ အသွင်သဏ္ဌာန်၊ အနှစ်သာရ အမြဲတိုးတက် ရှင်သန်နေရေးနှင့် ရောင်စုံသတင်းစာအဖြစ် ပြောင်းလဲ ထုတ်ဝေနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(ထ) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(ဒ) မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုကားများ ပြည်ပနှင့် ပူးတွဲထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပ ပြသပြီး ဈေးကွက်တိုးချဲ့နိုင်ရေး ဆောင်ရွက်ရန်။ (မြန်မာနိုင်ငံ ပျူခေတ်နှင့် တရုတ်နိုင်ငံ တန်မင်းဆက်ခေတ် သံတမန်ဆက်သွယ်မှု ရုပ်မြင်သံကြား ဇာတ်လမ်းတွဲနှင့် ပိုးလမ်းမ အခြေခံ ရုပ်ရှင်ဇာတ်လမ်း တို့အား တရုတ်-မြန်မာ ပူးတွဲရိုက်ကူးထုတ်လုပ်ပြသရေး ဆောင်ရွက် လျက်ရှိပါသည်။)

(ဓ) ပြည်တွင်း၊ ပြည်ပရုပ်ရှင်/ဗီဒီယိုကားများကို မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် လက္ခဏာ နှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းရန်၊

(စ) အလုပ်သမား

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) ပြည်တွင်း ပြည်ပ အလုပ်အကိုင် နေရာချ ထားရေးနှင့် အလုပ်သမား ရပိုင်ခွင့်များ ဆောင်ကြဉ်းပေးရေး၊

(ခခ) လုပ်ငန်းခွင်ဆက်ဆံရေးချောမွေ့စွာဖြင့် ကုန်ထုတ်စွမ်းအားမြင့်မားရေး၊

(ဂဂ) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊

(ဃဃ) ပြည်ပအလုပ်သမားများအားအကာအကွယ်ပေးရေး၊

(ငင) အလုပ်သမားအဖွဲ့အစည်းများစနစ်တကျဖြစ်ပေါ်ရေး၊

(စစ) နိုင်ငံတကာအဆင့်မီလူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုစနစ် ဖြစ်ပေါ်ရေး၊

(ဆဆ) လုပ်အားနှင့် ဆီလျော်ညီညွတ်သောလုပ်ခအပြည့်အဝခံစားရရှိရေး၊

(ဇဇ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊

(ဈဈ) အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှုများကို ဖြေရှင်းဆောင် ရွက်သွား ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများတိုးမြှင့်ရရှိစေရန်၊

(ခခ) ပြည်ပအလုပ်သမားဈေးကွက် ရှာဖွေဆောင်ရွက်ပေးရန်၊

(ဂဂ) လုပ်ငန်းများပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဖွဲ့စည်းပုံတိုးချဲ့ရန်၊

(ဃဃ) အလုပ်သမား ဥပဒေများကို အပြည်ပြည် ဆိုင်ရာ စံနှုန်းများ၊ လက်ခံ ထားသော သဘောတူညီမှုများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိစေရေး အသစ် ရေးဆွဲ ပြင်ဆင်ရန်၊

(ငင) အလုပ်သမားများ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့် များရရှိရေး စည်းကြပ် အကောင်အထည်ဖော်ရန်၊

(စစ) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် လုပ်ငန်းခွင် အေးချမ်းသာယာပြီး ကုန်ထုတ် စွမ်းအားတိုးတက်စေရန်၊

(ဆဆ) ပုဂ္ဂလိက ကဏ္ဍတွင် သင်တန်း ကျောင်းများ ဖွင့်လှစ်ခြင်းကို တိုးမြှင့် ဖော်ဆောင်လာစေရန်၊

(ဇဇ) အာဆီယံ နိုင်ငံများအတွင်း အလုပ်အကိုင် ကျွမ်းကျင်မှု အပြန်အလှန် အသိအမှတ်ပြု စနစ်များထားရှိရန်၊

(ဈဈ) စစ်ဆေးရေးဌာန များဖွင့်လှစ်၍ လုပ်ငန်းအလိုက် ကျွမ်းကျင်သူများကို စစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်၊

(ညည) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး နိုင်ငံသား အားလုံး သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိစေရန်နှင့် လူနေမှုအဆင့် အတန်း မြင့်မားစေရန် ကျွမ်းကျင်မှုအရည်အချင်းများ တိုးမြှင့် လာစေရန်၊

(ဋဋ) ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ အလုပ်သမားများအား တရားဝင် အလုပ်လုပ်ကိုင် နိုင်ရေးအတွက် သက်သေခံ မှတ်ပုံတင်ကဒ်ပြားထုတ် ပေးရန်၊

(ဌဌ) မလေးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံများ တို့တွင်လည်း ပြည်ပရောက် အလုပ်သမားများ ၏ အခွင့်အရေးအားကာကွယ်စောင့်ရှောက်ရန်၊

(ဎဎ) ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပြင်ဆင်ရေးဆွဲရန်၊

(ဏဏ) အလုပ်သမား အဖွဲ့အစည်း နည်းဥပဒေရေး ဆွဲပြဋ္ဌာန်းပြီး နည်းဥပဒေနှင့် အညီ အလုပ်သမားအဖွဲ့အစည်းများဖြစ်ပေါ်လာစေရန်၊

(တတ) လူမှုဖူလုံရေးစီမံကိန်း၏ လက်ရှိ အကျိုးခံစားခွင့် များအပြင် အလုပ် လက်မဲ့ဖြစ်မှု၊ အသက်အရွယ်ကြီးရင့်မှု၊ သေဆုံးမှုစသည့် လူမှု အန္တရာယ် များ တွေ့ကြုံသည့်အခါ ထိရောက်ပြည့်စုံသည့် အကျိုးခံစားခွင့်များ ရရှိနိုင်စေရန်၊

(ထထ) ၁၉၅၄ ခုနှစ်လူမှုဖူလုံရေး အက်ဥပဒေသည် ခေတ်နှင့်လျော်ညီမှု မရှိတော့ သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ပြီး၊ နိုင်ငံတကာ အဆင့်မီ ဥပဒေ သစ် ဖြစ်ရန်၊

(ဒဒ) လူမှုဖူလုံရေး လုပ်ငန်းများအား ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ် စီမံ ဆောင်ရွက် နိုင်ရေး စတင်ဆောင်ရွက်ရန်၊

(ဓဓ) အနည်းဆုံး အခကြေးငွေဥပဒေ ပြင်ဆင်ရေး ဆွဲပြဋ္ဌာန်းရန်၊

(နန) အလုပ်သမားများ ဆီလျော် ညီညွတ်သော လုပ်ခရရှိရေး အတွက် စည်းကြပ် ဆောင်ရွက်ရန်၊

(ပပ) ကုန်စည် စီးဆင်းမှု မှန်ကန်မြန်ဆန် စေရန်အတွက် ကုန်တင်ကုန်ချ လုပ်ငန်း များ ကို စွမ်းအားပြည့် ဆောင်ရွက်ရန်၊

(ဖဖ) စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးကိစ္စများ ဆောင်ရွက်ရန်၊

(ဗဗ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ အသစ်ရေးဆွဲရန်၊

(ဘဘ) ဥပဒေပါ ရပိုင်ခွင့်များကို အလုပ်သမားများ ရရှိစေရန်နှင့် အလုပ်ရှင် အလုပ်သမား မျှတသည့် လူမှုဆက်ဆံရေးဖြစ်ပေါ်လာစေရန်၊

(မမ) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပေါ်ပေါက်လာသော အငြင်းပွားမှု များအား သတ်မှတ် ကာလအတွင်း ပြီးစီးအောင် ဖြေရှင်းရာတွင် လိုအပ် သလိုပံ့ပိုး ဆောင်ရွက် ပေးနိုင်ရန်၊

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၏ ရုံးချုပ်နှင့် ရုံးမရှိသော ခရိုင် များတွင် ခရိုင်ရုံး(၅)ရုံးကို အင်အား(၁၄၄၁)ဦးဖြင့် တိုးချဲ့ဖွဲ့စည်း သွား မည်။ (ကော့ကရိတ်၊ မောင်းတော၊ ညောင်ဦး၊ သရက်၊ ပူတာအို)

(ခခ) ရုံးသစ် (၂)ရုံးဆောက်လုပ်မည်။ (ညောင်ဦးမြို့နှင့် မောင်းတောမြို့)

(ဂဂ) ပြည်တွင်းအလုပ်အကိုင် မှတ်ပုံတင်(၇၆၇၈၀၀)ဦး၊ အလုပ်ရ (၃၄၀၀၀၀) ဦး လျာထားဆောင်ရွက်မည်။

(ဃဃ) မလေးရှား၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံများ၌ မြန်မာအလုပ်သမားများ အလုပ် အကိုင် ပိုမိုရရှိရေးဆောင်ရွက်မည်။

(ငင) တည်ဆဲဥပဒေများအား ပြောင်းလဲလာသော ခေတ်နှင့်အညီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ အောက်ပါဥပဒေများကို အသစ်ရေးဆွဲ ဆောင်ရွက်မည်။

- လူမှုဖူလုံရေးဥပဒေ
- အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ
- အနည်းဆုံးအခကြေးငွေဥပဒေ
- အလုပ်သမားလျော်ကြေးဥပဒေ
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
- ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ

(စစ) စက်ရုံ၊ အလုပ်ရုံများအား စစ်ဆေးစည်းကြပ်ခြင်း လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည်။

(ဆဆ) ထိုင်းနိုင်ငံနယ်စပ်ရှိ မြဝတီမြို့၊ ကော့သောင်းမြို့နှင့် တာချီလိတ်မြို့ တို့တွင် စခန်းများ ဖွင့်လှစ်၍ သက်သေခံကဒ်ပြားများ ထုတ်ပေးရေး ဆောင်ရွက် သွားမည်။

(ဇဇ) မလေးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့တွင် အလုပ်သမားရေးရာ ရုံးခွဲများ ထားရှိ ရေးဆောင်ရွက်မည်။

(ဈဈ) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုရေးဆောင်ရွက်မည်။

(ညည) အလုပ်သမားရေးရာ အငြင်းပွားမှုများအား သက်ဆိုင်ရာမြို့နယ် အလုပ်သမား ကြီးကြပ်ရေးကော်မတီမှ ဖြေရှင်းဆောင်ရွက်မည်။

(ဋဋ) အလုပ်ချိန်၊ လုပ်ခလစာ၊ အချိန်ပို၊ သက်သာချောင်ချိရေး ကိစ္စရပ်များ မှန်ကန်စွာ ရရှိရေးအတွက် စနစ်တကျ ကြီးကြပ် စစ်ဆေးဆောင်ရွက်မည်။

(ဌဌ) အထွေထွေ အလုပ်သမားများကို ကျွမ်းကျင်မှု အသင့်အတင့်ရှိသော သူများ၊ ကျွမ်းကျင်သော သူများ (၁၀၀၀)ဦး ထွက်ပေါ်လာရေး ဆောင်ရွက် မည်။

(ဍဍ) ကျွမ်းကျင်မှု “စံ” ယခင်နှစ်(၁၅၀)မျိုးအပါအဝင် (၂၅၀)မျိုး လျာထား ဆောင်ရွက်မည်။

(ဎဎ) စစ်ဆေးရေးဌာန (၃၀) ဌာနဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပုဂ္ဂလိက သင်တန်းကျောင်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

(ဏဏ) မကွေးတိုင်းဒေသကြီးတွင် သင်တန်းကျောင်း(၁) ကျောင်း ဖွင့်လှစ်ရေး ဆောင်ရွက်မည်။

(တတ) ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ အလုပ်သမားများအား အလုပ်သမား သက်သေခံကဒ်ပြား ထုတ်ပေးခြင်း၊ ကွန်ပျူတာဖြင့် ဆောင်ရွက်သည့် နိုင်ငံကူး လက်မှတ် ထုတ်ပေးခြင်း တို့အတွက် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ အတွင်း မဟာချိုင်၊ ဘန်ကောက်၊ စူရတ်ဌာနီ၊ စမွတ်ပရာကန်၊ ချင်းမိုင်ဒေသများသို့ လုပ်ငန်းအဖွဲ့(၅)ဖွဲ့ အား စေလွှတ်ရေး ဆောင်ရွက်မည်။

(ထထ) လုပ်ငန်းအဖွဲ့ (၁) ဖွဲ့လျှင် (၁) ရက် (၅၀၀) ဦးနှုန်းဖြင့် လုပ်ငန်းအဖွဲ့ (၅) ဖွဲ့မှ (၂၅၀၀) ဦးနှုန်းဆောင်ရွက်ရန်နှင့် လစဉ် (၆၂၅၀၀) ဦးဆောင်ရွက်ရန်နှင့် မှတ်ပုံတင်ပြီး နိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ကျန်ရှိသူ မြန်မာ အလုပ်သမား (၆)သိန်း (၅) သောင်းခန့်အတွက် စီမံကိန်းကာလ (၁၁)လ ခန့် ဆောင်ရွက် မည်။

(ဒဒ) လုပ်ငန်းအဖွဲ့ (၅) ဖွဲ့မှလည်းထိုင်းနိုင်ငံသို့ ရောက်ရှိ တာဝန်ထမ်းဆောင်စဉ် ပြည်ပရောက် မြန်မာ အလုပ်သမားများ အကာအကွယ် ပေးရေး လုပ်ငန်း များပူးပေါင်း ဆောင်ရွက်မည်။

(ဓဓ) မလေးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့ တွင်လည်း ထိုင်းနိုင်ငံကဲ့သို့ အလုပ်သမားရေးရာ ရုံးခွဲများ ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်မည်။

(နန) ပြည်ပ အလုပ်အကိုင် ဆိုင်ရာ ဥပဒေအား ပြင်ဆင်ရေးဆွဲ ပြဌာန်း ဆောင်ရွက်မည်။

(ပပ) အလုပ်သမား အဖွဲ့အစည်း ဥပဒေနှင့်အညီ နည်းဥပဒေ ရေးဆွဲ ဆောင်ရွက်ရေးဆောင်ရွက်မည်။

(ဖဖ) အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေ တို့နှင့်အညီ အလုပ်သမား အဖွဲ့အစည်းများဖြစ်ပေါ်လာစေရေးဆောင်ရွက်မည်။

(ဗဗ) လူမှုဖူလုံရေးဥပဒေသစ်အားရေးဆွဲ၍ အတည်ပြုပြဌာန်းဆောင်ရွက်မည်၊

(ဘဘ) လူမှုဖူလုံရေးဥပဒေသစ်နှင့်အညီနည်းဥပဒေသစ်ရေးဆွဲရေးဆောင်ရွက် မည်။

(မမ) လူမှုဖူလုံရေးဥပဒေသစ်အရအာမခံစနစ်သစ်များတိုးချဲ့ဆောင်ရွက်မည်။

(ယယ) ကော့သောင်းမြို့၊ တောင်ကုတ်မြို့၊ ပုသိမ်ကြီးမြို့၊ လှည်းကူးမြို့များတွင် ကန်ထရိုက် ဆေးရုံ/ဆေးခန်း စနစ်အား ရွှေ့ပြေးစီမံချက် အဖြစ်စတင် အကောင်အထည်ဖော်ပြီး အောင်မြင်ပါက ယင်းမြို့နယ်ရှိ အကျုံးဝင် အလုပ် ဌာနများတိုးချဲ့ရေးဆောင်ရွက်မည်။

(ရရ) လူမှုဖူလုံရေး စနစ်ဆိုင်ရာ ကွန်ပျူတာ ပရိုဂရမ် ရေးဆွဲမှုအပြီးသတ် ဆောင်ရွက်မည်။

(လလ) တိုးတက်များပြားလာသော လုပ်ငန်းတာဝန်များ ဆောင်ရွက် နိုင်ရေး အတွက် လူမှုဖူလုံရေး ရုံးချုပ် ဖွဲ့စည်းပုံကို ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းရေး ဆောင်ရွက်မည်။

(ဝဝ) လူမှုဖူလုံရေး အဖွဲ့ပိုင် အေးသာယာ ဆေးခန်း အဆောက်အအုံ တည်ဆောက်ရေးဆောင်ရွက်မည်။

(သသ) ကွန်ပျူတာပရိုဂရမ်သုံး လူမှုဖူလုံရေးကဒ်ပြား စနစ်သစ်အား အပြီးသတ်ဆောင်ရွက်မည်။

(ဟဟ) လူမှုဖူလုံရေး အကျုံးဝင် အလုပ်ဌာန (၄၂,၀၇၂) ဌာနနှင့် အလုပ်သမား (၅၉၅,၃၇၆) ဦး တိုးချဲ့မှတ်ပုံတင်ရေးဆောင်ရွက်မည်။

(ဠဠ) အနည်းဆုံးအခကြေးငွေဥပဒေအပြီးသတ်ရေးဆွဲရေးဆောင်ရွက်မည်။

(အအ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအမျိုးသားကော်မတီ၊ တိုင်းဒေသကြီး အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေး ကော်မတီ၊ ပြည်နယ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး ကော်မတီများဖွဲ့စည်း ဆောင်ရွက်မည်။

- အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၏ ဖွဲ့စည်းပုံအင်အား တိုးချဲ့ ဆောင်ရွက်မည်။
- မှတ်ပုံတင် အလုပ်သမားများ တိုးမြှင့် ခန့်ထားခြင်းနှင့် ဝင်ငွေရရှိပြီး လူမှုစီးပွားရေး အခြေအနေများတိုးတက်ရေးဆောင်ရွက်မည်။
- သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများနှင့် ပေါင်းစပ် ညှိနှိုင်းကာ ကုန်တင် ကုန်ချ လုပ်ငန်းခွင်များ တိုးတက်ဆောင်ရွက် ပေးပြီး ဒေသတွင်း ကုန်စည်စီးဆင်းမှု တိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်မည်။
- အလုပ်ရုံကြီး (၂၆၆၉၅) ရုံ၊ အလုပ်ရုံငယ် (၃၃၃၉) ရုံ၊ ဆိုင်/ အလုပ်ဌာန (၁၀၀၁၇) ဌာနဥပဒေစစ်ဆေးစည်းကြပ်ရေးနှင့် အလုပ်ရုံကြီး (၃၇၈၀) ရုံ၊ အလုပ်ရုံငယ် (၁၂၆၀) ရုံတို့အား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စည်းကြပ်ရေးဆောင်ရွက်မည်။
- ဒဂုံမြို့သစ်တောင်ပိုင်းတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး သင်တန်းကျောင်းတစ်ခုဖွင့်လှစ်ရေးဆောင်ရွက်မည်။
- ဘေးအန္တရာယ် ကင်းရှင်းရေး သင်တန်း(၇၅၀)ကြိမ် ဖွင့်လှစ်ပို့ချရေးဆောင်ရွက်မည်။
- လုပ်ငန်းခွင် အန္တရာယ်များအား (၃၀၀) ကြိမ် စစ်ဆေးတိုင်းတာ အကဲဖြတ်ခြင်းဆောင်ရွက်မည်။

- လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဥပဒေအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆွေးနွေးပြုစု ရေးသားရေးဆောင်ရွက်မည်။
- အမျိုးသား အဆင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီဖွဲ့စည်းရေးဆောင်ရွက်မည်။
- မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်၌ အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ယက် အစည်းအဝေး လက်ခံ ကျင်းပ နိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်မည်။
- အလုပ်သမား ရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေအား ပြင်ဆင် ရေးဆွဲ ရေးနှင့်နည်းဥပဒေရေးဆွဲရေးဆောင်ရွက်မည်။
- ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အလုပ် သမား အငြင်းပွားမှု ဖြေရှင်းရေးရုံးများ ဖွဲ့စည်းရန် အဆိုပြုတင်ပြရေး ဆောင်ရွက်မည်။
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည်။
- လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊
- အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်သောဥပဒေပြဋ္ဌာန်းပြီးလုပ်အား နှင့် ဆီလျော် ညီညွတ်သော လုပ်ခအပြည့်အဝခံစားရရှိရေး ဆောင်ရွက် မည်။
- ရွှေ့ပြောင်း အလုပ်သမား များ၏ အခွင့်အရေး များကို ကာကွယ်မြှင့် တင်ရေးဆောင်ရွက်မည်။

(ဆ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) နိုင်ငံတော် တည်တံ့ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လူမျိုး မပျောက်စေရေး အတွက် အဓိက ဆောင်ရွက်ရမည့် နိုင်ငံသား လုပ်ငန်း၊လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံခြားသားထိန်းသိမ်းရေး လုပ်ငန်း များကို ဝန်ကြီးဌာန ဝန်ထမ်းများမှ မျိုးချစ်စိတ်ဓါတ်ကို အခြေခံ၍ ဥပဒေ လုပ်ထုံး လုပ်နည်းများ နှင့်အညီ ခေတ်မီစနစ်ကျသည့် ကွန်ပျူတာစနစ်

အသုံးပြုကာ စွမ်းရည် ထက်မြက်အောင် လူ့စွမ်းအား အရင်းအမြစ်များ အား အသုံးချ ဆောင်ရွက် သွားရန်၊

(ခခ) နိုင်ငံတော်၏လုံခြုံရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် စီမံကိန်းများ ရေးဆွဲ ရာတွင် အထောက်အကူပြုစေမည့် ခိုင်မာတိကျသော လူဦးရေ စာရင်းဇယား များ ရရှိရန်၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကဏ္ဍများကို ကွန်ပျူတာစနစ်သို့ ပြောင်းလဲ ဆောင်ရွက်သွားရန် ဝန်ထမ်းများကို **သတင်းအချက်လက်** နည်းပညာ များ ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားသွားရန်၊

(ခခ) ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်လာစေရေး အတွက် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ သင်တန်းကျောင်း ဖွင့်လှစ် တည်ထောင်သွားရန်၊

(ဂဂ) ဝန်ကြီးဌာန၏ လုပ်ငန်းများကိုအသွင်သဏ္ဍာန်နှင့်အနှစ်သာရ ပြောင်းလဲ တိုးတက်ရေးနှင့် ပြည်သူအား အသွင်သစ်ဖြင့် ဆက်ဆံရေး လေ့ကျင့် ဆောင်ရွက်သွားရန်၊

(ဃဃ) လက်ရှိလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနကို လူဝင်မှု ကြီးကြပ်ရေးနှင့် နိုင်ငံသားပြုဦးစီးဌာန၊ အမျိုးသား မှတ်ပုံတင် နှင့် နိုင်ငံသား ဦးစီးဌာနအဖြစ် ဦးစီးဌာန(၂)ခု ပြင်ဆင်ဖွဲ့စည်း ဆောင် ရွက် သွားရန်၊

(ငင) တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသွားအထောက် အထား များအား စက်ဖြင့် ဖတ်ရှုစစ်ဆေးနိုင်သည့်စနစ်ဖြင့် ဆောင်ရွက် သွားနိုင် ရေးအတွက် လိုအပ်သည့် ကွန်ပျူတာနှင့် စက်ပစ္စည်းများကို တပ်ဆင် ဆောင်ရွက်သွားရန်၊

(စစ) ၂၀၁၄ ခုနှစ်၊ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်း၏ ကြိုတင် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဆဆ) ၂၀၁၂ ခုနှစ်တွင် ပြည်တွင်းပြောင်းရွှေ့သွားလာမှုစစ်တမ်းကောက်ယူရန်၊

(ဇဇ) လူဦးရေမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲရန်၊

(ဈဈ) အမျိုးသားအဆင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်မှ အမျိုးသား အဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ နှစ်အလိုက် စီမံချက်များ ရေးဆွဲ သွားရန်၊

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးမှု လုပ်ငန်းနှင့် အိမ်ထောင်စု လူဦးရေ စာရင်း ထုတ်ပေးမှုလုပ်ငန်းအား မိုးပွင့်အဆင့် စီမံချက်များအား (၄)လစီ သတ်မှတ်ဆောင်ရွက်ခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများအား (၂)လစီသတ်မှတ် ဆောင်ရွက်ခြင်းကို စီမံကိန်းကာလ အတွင်း စီမံချက် (၂)ကြိမ်မှ (၃)ကြိမ်အထိ ဆောင်ရွက် မည်။

(ခခ) ကွန်ပျူတာသင်တန်းများ၊ ဘာသာစကား ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ် ပို့ချမည်။

(ဂဂ) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး/အထက်မြန်မာပြည် )၌ ဖွင့်လှစ်သော သင်တန်း အသီးသီးသို့ သင်တန်းသားများ စေလွှတ်မည်။

(ဃဃ) အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ဖွင့်လှစ်သောသင်တန်း များသို့ နည်းပြများစေလွှတ်ခြင်း၊ သင်တန်းသားများ စေလွှတ်ခြင်းများ ဆောင်ရွက်မည်။

(ငင) နိုင်ငံခြားပညာသင်များ စေလွှတ်ခြင်း၊ ပြည်ပနိုင်ငံများတွင်ဖွင့်လှစ်သော အစည်း အဝေး၊ အလုပ်ရုံဆွေးနွေးပွဲများသို့လည်း စေလွှတ်သွားမည်။

(စစ) ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်၊ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ် ဒေသ ဝင်/ထွက် စခန်းများတွင် ကွန်ယက် တပ်ဆင်သွားနိုင်ရေး ဆောင် ရွက် မည်။

(ဆဆ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ခရိုင်ရုံး(သီးခြား) (၁)ရုံး၊ မြို့နယ်ရုံး (သီးခြား)(၇) ရုံး၊ မြို့နယ်ခွဲရုံး(၆)ရုံး၊ ခရိုင်နှင့် မြို့နယ်ရုံး (တွဲလျက်) (၂)ရုံး၊ မှတ်တမ်းခန်း(၂) ခန်း ဆောက်လုပ် ဆောင်ရွက်မည်။

- ၂၀၁၄ခုနှစ် လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်း အတွက် အောက်ဖော်ပြပါ ကြိုတင် ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်။
- မြေပုံရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊
- သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

- စာရင်းဇယားပြုစုခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်း ကိရိယာများ ဝယ်ယူ တပ်ဆင်ခြင်း၊ ဝန်ထမ်းများအား လေ့ကျင့် သင်ကြားပေးခြင်း၊
- မေးခွန်းပုံစံပါ အချက်အလက်များကို အသုံးပြုသူများနှင့် ညှိနှိုင်း သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ မေးခွန်းပုံစံများ အတည် ပြုခြင်း၊ လက်စွဲစာစောင်များပြုစုခြင်း၊
- သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် ၂၀၁၀ ခုနှစ် ဝန်းကျင်တွင် သန်းခေါင်စာရင်း ကောက်ယူခဲ့သည့် နိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ခြင်း၊ စာရင်းဇယား ပြုစုခြင်း ဆိုင်ရာ သင်တန်းများ စေလွှတ်ခြင်း၊

(ဇဇ) ၂၀၁၂ ခုနှစ်တွင် ပြည်တွင်းပြောင်းရွှေ့သွားလာမှုစစ်တမ်း ကောက်ယူရန် အတွက် မြေပုံရေးဆွဲရေးသင်တန်း ဖွင့်လှစ်ခြင်း၊ ကွင်းဆင်းမြေပုံ ရေးဆွဲ ခြင်း၊ စာရင်းစစ်၊ စာရင်းကောက် သင်တန်းပေးခြင်း၊ ကွင်းဆင်းစာရင်း ကောက်ယူ ခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ပင်မအစီရင်ခံစာပြုစုခြင်း၊ ထုတ်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်။

(ဈဈ) လူဦးရေမူဝါဒ ရေးဆွဲနိုင်ရေး အတွက် အခြေခံ အချက် အလက်များ စုဆောင်း ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများရေးဆွဲခြင်း၊ လုပ်ငန်း ကော်မတီများ ဖွဲ့စည်းခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ် ခြင်းတို့ကို ဆောင်ရွက်မည်။

(ညည) အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ နှစ်အလိုက် စီမံချက် များကို ရေးဆွဲသွားပါမည်။ နှစ်အလိုက် စီမံချက်များ အပေါ်မူတည်၍ သတ်မှတ်ဧရိယာ များတွင် လူမှုဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ သင်တန်းများကို ဆောင်ရွက်မည်။

(ဋဋ) အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင် လုပ်ငန်း များကို ဆောင်ရွက်နိုင်ရန် အတွက် ကုလသမဂ္ဂ၊ အခြားနိုင်ငံများမှ အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင် ရွက်ခြင်း၊ လေ့လာရေး ခရီးများ၊ သင်တန်းများ စေလွှတ်ခြင်း တို့ကို ဆောင်ရွက်မည်။

(ဈ) သာသနာရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) ဘာသာအသီးသီးကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုကြရေး၊

(ခခ) ထေရဝါဒဗုဒ္ဓသာသနာသန့်ရှင်းတည်တံ့ထွန်းကားပြန့်ပွားစေရေး၊

(ဂဂ) အပြည်ပြည်ဆိုင်ရာ သာသနာရေးရာ ကိစ္စရပ်များကို ကူညီဖြေရှင်းနိုင်စေရေး၊

(ဃဃ) မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ ရှင်သန်ပေါ်ထွန်းလာစေရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်း ဖြစ်သည်။

(ကက) သာသနာပြုပုဂ္ဂိုလ်များ အရည်အချင်းပြည့်ဝပြီး အရေအတွက်ပါတိုးမြင့်ရေးနှင့် သာသနာပြု ဌာနများကို တိုးချဲ့ဖွင့်လှစ်ရန်၊

(ခခ) ပရိယတ္တိသာသနာ မြင့်မားစေရေးအတွက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ရန်၊

(ဂဂ) ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်၊

(ဃဃ) ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင်ပညာရေးကျောင်းများတိုးမြှင့်ရန်၊

(ငင) ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတိုးချဲ့ဖွင့်လှစ်ရန်၊

(စစ) နယ်စပ်ဒေသနှင့် တောင်တန်းဒေသတို့တွင် ပရိယတ္တိစာသင်တိုက်များ တိုးချဲ့တည်ဆောက် ပေးရန်၊

(ဆဆ) နယ်စပ်နှင့်တောင်တန်းဒေသများ၌ ပဋိပတ္တိ သာသနာတော် ထွန်းကားစေရန်၊

(ဇဇ) နယ်စပ်နှင့်တောင်တန်း ဒေသများတွင် သာသနာပြုရာ၌ အထောက်အကူပြုအဖြစ် တိုင်းရင်းဆေးပညာကို သာသနာပြုပုဂ္ဂိုလ်များအား ပို့ချပေးရန်၊

(ဈဈ) သုတေသနစာကြည့်တိုက်ရှိ စာအုပ်များ၊ စာပေများ၊ ကျမ်းစာအုပ်များ ထိန်းသိမ်း စောင့်ရှောက် ရေးနှင့် အင်တာနက် မှတစ်ဆင့် ကမ္ဘာအရပ်ရပ်ရှိ စာကြည့်တိုက် များနှင့် ဆက်သွယ်၍ စာအုပ်စာပေနှင့် ပညာရပ်ဆိုင်ရာ သတင်းအချက် အလက်များဖလှယ်နိုင်စေရန်၊

(ညည) ပိဋကတ်တော်ပါဠိ ကျမ်းစာအုပ်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုဖြန့်ဝေစေရန်၊

(ဋဋ) ဘဏ္ဍာငွေလိုအပ်မှုနှင့် အုပ်ချုပ်မှု ထောက်ပံ့ရေး လုပ်ငန်းများ စီမံဆောင်ရွက် နိုင်ရန်၊

(ဌဌ) ဝိနိစ္ဆယမှုခင်းများလျော့နည်းကျဆင်းစေရန်၊

(ဍဍ) အလဇ္ဇီရဟန်းသာမဏေများပပျောက်စေရန်၊

(ဎဎ) သံဃာအချင်းချင်း၊ ဂိုဏ်းအချင်းချင်းစည်းလုံးညီညွတ်မှုရှိစေရန်၊

(ဏဏ) ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများအား ဘာသာရေးအသိအမြင် မြင့်မားစေ၍ ယုံကြည်မှုသဒ္ဓါတရား ပိုမိုခိုင်မြဲ စေရေးအတွက် နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာဆိုင်ရာသင်တန်းများ ကျယ်ပြန့် စွာ ဖွင့်လှစ်သင်ကြားရန်၊

(တတ) ဘုန်းတော်ကြီးကျောင်းပိုင်ဆိုင်ခွင့်အငြင်းပွားမှုလျော့နည်း ပပျောက်စေ ရန်၊

(ထထ) ကျောင်းထိုင် ဘုန်းကြီး၏ အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသော သံဃာတော် များ ပေါ်ထွန်း လာစေရန်၊

(ဒဒ) သံဃိကအခွန်လွတ် သာသနာ့မြေဂရန်နှင့် ဗဒ္ဓသိမ်ဂရန်များ စည်းကမ်း နှင့် အညီ စိစစ် ခွင့်ပြုပေးရန်၊

(ဓဓ) ပထမပြန်၊ ဓမ္မာစရိယ၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ နိကာယ် ငါးရပ် ပါဠိတော်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများ ကျင်းပ၍ အရည် အချင်းပြည့်ဝ သော သံဃာတော်များ တိုးတက်ပေါ်ထွန်းလာစေရန်၊

(နန) တိပိဋကပါဠိ မြန်မာအဘိဓာန် ကျမ်းကြီးကို အပြီးတိုင် ပြုစု ရိုက်နှိပ် ဖြန့်ဝေနိုင်ရန်၊

(ပပ) တိုင်းဒေသကြီး နှင့် ပြည်နယ် အသီးသီး တို့တွင် သာသနာ ရေးရာ လုပ်ငန်းရပ် များကို ထိရောက်စွာ စီမံဆောင်ရွက် နိုင်ရန်အတွက် သာသနာရေးမှူးရုံး များတိုးချဲ့ဖွင့်လှစ်ရန်၊

(ဖဖ) ဆဋ္ဌသံဂါယနာမူထေရဝါဒ ပိဋကတ်တော်အား မူကောင်းမူသန့်ဖြင့် တိုးချဲ့ပုံနှိပ် ထုတ်ဝေရန်၊

(ဗဗ) နှစ်လွန်ပုံနှိပ်စက်များကို ဖယ်ရှား၍ ခေတ်မီစက်သစ်များဖြင့် အစားထိုး ပုံနှိပ်နိုင် စေရန်၊

(ဘဘ) ပုံနှိပ်ပြီး ကျမ်းစာအုပ်များကို စာအောင် သံဃာများအား ဆက်ကပ် လှူဒါန်း နိုင်ရန်နှင့် ဘဏ္ဍာငွေရရှိရေးအတွက် တိုးချဲ့ရောင်းချရန်၊

(မမ) ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့် အခြား ဘာသာများကိုအားပေးရန်၊

(ယယ) ပြည်ပနိုင်ငံများမှ သင်တန်းသား သာသနာပြုပုဂ္ဂိုလ်များ တိုးတက်ပေါ်ထွန်း လာစေရန်၊

(ရရ) အင်တာနက် မှတစ်ဆင့် အဝေးသင်ပညာရေးစနစ်ဖြင့် ဆောင်ရွက်၍ ပြည်ပ သာသနာပြု ပုဂ္ဂိုလ်များပိုမိုပေါ်ထွန်းလာစေရန်၊

(လလ) ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ရှင်ပြုပွဲ၊ အလှူပွဲ စသည်တို့အား ဟုမ်းပေ့ချ်မှ တစ်ဆင့် အင်တာနက်ဖြင့် ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဝေ သာသနာပြုရန်၊

(ဝဝ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဘွဲ့ရပြည်ပ ပုဂ္ဂိုလ်များဖြင့် နိုင်ငံတကာတွင် ပရိယတ္တိစာပေများနှင့် ပဋိပတ္တိကမ္မဋ္ဌာန်း ဋ္ဌာန များတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံပံ့ပိုးပေးရန်၊

(သသ) ပြည်တွင်းမှ ဒီပလိုမာ(ဗုဒ္ဓဓမ္မ)နှင့် ဘီအေ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပုဂ္ဂိုလ်များအား နယ်စပ်နှင့် တောင်တန်း ဒေသများသို့ စေလွှတ်၍ သာသနာပြုနိုင်စေရန်၊

(ဟဟ) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ စာကြည့်တိုက်ကို အီလက်ထရောနစ် စာကြည့်တိုက် အဖြစ် နိုင်ငံတကာရှိ စာကြည့်တိုက် များ နှင့်ဆက်သွယ်၍ ထေရဝါဒ ဗုဒ္ဓသာသနာတော် ဆိုင်ရာ အချက် အလက်များ ဖလှယ်နိုင်စေရန်၊

(ဈ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး

(၁) မူဝါဒများမှာ အောက်ပါ အတိုင်းဖြစ်သည်။

(ကက) လူမှုဝန်ထမ်း ဆိုင်ရာ မူဝါဒများ။ လူမှုရေး ပြဿနာများကို ကြိုတင် ကာကွယ် ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ လူ့ဘောင်အဖွဲ့အစည်း အတွင်း ပြန်လည်ဝင်ဆံ့ နေထိုင်နိုင်စေခြင်းများ ဆောင်ရွက်ရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးတွင် လူမှုရေး ချို့တဲ့သူများ ပါဝင် စွမ်းဆောင်နိုင်စေရန်၊ နိုင်ငံသား တိုင်းမြန်မာ့ရိုးရာလူမှုရေး အစဉ်အလာကောင်း များကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် (၂၁)ရာစုတွင် ဒေသတွင်းလူမှုရေးစနစ် စံနမူနာအဖြစ် ရောက်ရှိစေရန်၊ လူမှုဝန်ထမ်း လုပ်ငန်းများ အကောင် အထည် ဖော်ရာတွင် လူမှုရေးတာဝန် ထမ်းဆောင်နိုင်မည့် စေတနာ့ ဝန်ထမ်း ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ပူးပေါင်း ကူညီမှုဖြင့် ရယူ ဆောင်ရွက်သွားရန်တို့ ဖြစ်ပါ သည်။

(ခခ) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဆိုင်ရာမူဝါဒများ။ သဘာဝဘေး အန္တရာယ်များကြောင့် အတိဒုက္ခ ကြုံတွေ့ နေရသော

ဘေးသင့် ပြည်သူများ၏ စားဝတ်နေရေး လတ်တလော သက်သာ ချောင်ချိမှု ရရှိစေရေး အတွက် အထောက် အပံ့ပေးရန်၊ သဘာဝဘေး အန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေး အတွက် သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းစဉ် များကို စနစ် တကျ ထိရောက် လျင်မြန်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ ပြဋ္ဌာန်းရန် နှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

(ဂဂ) မီးသတ်ဦးစီးဌာနဆိုင်ရာမူဝါဒများ။ တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ် ပစ္စည်းများ၊ နိုင်ငံပိုင်ကုန်ထုတ် အရင်းအနှီး အဆောက် အဦများကို မီးဘေး အန္တရာယ် မှ ကာကွယ် တားဆီးစောင့်ရှောက်ရန်၊ သဘာဝအလျောက် ဖြစ်ပွားသည့် ဘေးအန္တရာယ်များ၊ မတော်တဆမှု များတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လုပ်သားပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ် တားဆီး စောင့်ရှောက်ရန်၊ နိုင်ငံတော် ကာကွယ်ရေးအရန် အင်အား အဖြစ် လေ့ကျင့်ဖွဲ့စည်း တည်ဆောက် ရန်တို့ ဖြစ်ပါ သည်။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)လူမှုဝန်ထမ်းဆိုင်ရာရည်မှန်းချက်များ။ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင် ရေးနှင့် ပညာရည်မြင့်မားရေး ဟူသည့် အမျိုးသားရေး ဦးတည်ချက်ကို အထောက် အကူဖြစ်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ကို အထောက်အကူ ပြုစေရန်၊ လူမှုရေးချို့တဲ့သူ များအား လူမှုဝန်ထမ်း နည်းများဖြင့် အကူအညီ ပေးရန်၊ လူမှုရေးပြဿနာများ မပေါ်ပေါက် စေရေးအတွက် ကြိုတင်ကာကွယ်ရန်၊ စေတနာ့လူမှုဝန်ထမ်း လုပ်သား ပြည်သူများအား စည်းရုံးဖော်ထုတ်ရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရ မဟုတ်သော လူမှုရေးအဖွဲ့ အစည်းများ၊ အစိုးရ မဟုတ်သောလူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

(ခခ) ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားဆိုင်ရာရည်မှန်းချက်များ။ သဘာဝဘေး အန္တရာယ်မကျရောက်မီ သဘာဝဘေးအန္တရာယ် လျော့ပါး

စေရေးအတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ၊ သဘာဝ ဘေးအန္တရာယ် ကျရောက်စဉ် ရှာဖွေကယ်ဆယ်ရေး အပါအဝင်အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများနှင့်သဘာဝဘေး အန္တရာယ် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော ပြန်လည်ထူထောင်ရေး နှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို ပိုမို ထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် ခရိုင်ရုံးများကို တိုးချဲ့ ဖွင့်လှစ်ရန်၊ သဘာဝ ဘေးအန္တရာယ် ကျရောက်လာ သောအခါ အလျင်အမြန် ထောက်ပံ့ရမည့် အရေးပေါ် ကယ်ဆယ် ထောက်ပံ့ရေး ပစ္စည်းများကို စနစ်တကျ ကြိုတင်ဝယ်ယူ သိုလှောင် စုဆောင်းထားရန်၊ သဘာဝ ဘေး အန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်လေ့ကျင့် ပညာပေးရန်၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက် ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက် ရန် တို့ဖြစ်ပါသည်။

(ဃဃ) မီးသတ်ဦးစီးဌာနဆိုင်ရာ ရည်မှန်းချက်များ။ ခွင့်ပြုဖွဲ့စည်းပုံအတိုင်း မီးသတ် စခန်းနှင့် တပ်ဖွဲ့အင်အား အပြည့်အဝဖွင့်လှစ်ခန့်ထားနိုင်ရေး ဆောင်ရွက် သွားရန်၊ တစ်မြို့နယ်လျှင် အနည်းဆုံး မီးသတ်ယာဉ်(၂)စီး ပြည့်မီသည်အထိ ဖြည့်တင်းရေးနှင့် သက်တမ်းလွန် မီးသတ်ယာဉ် (၁၀%) လဲလှယ်နိုင်ရေး ဆောင်ရွက်သွားရန်၊ စခန်းယူနစ် အလိုက် သတ်မှတ် ထားသော အပေါ့စား မီးသတ်စက်များ ပြည့်မီစွာ ဖြည့်တင်းနိုင်ရေး ဆောင်ရွက်သွားရန်၊ သဘာဝ ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများတွင် မီးငြိမ်း သတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး အမြန်ရေယာဉ်များ ဖြည့်တင်းသွားရန်၊ အရန်မီးသတ် တပ်ဖွဲ့ဝင်အင်အား တိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားရန်၊ မီးဘေး လုံခြုံရေး စစ်ဆေးခြင်းလုပ်ငန်းများ၊ ပြည်သူလူထု အသိပညာပေးခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်၊ မီးသတ်တပ်ဖွဲ့ဝင်များ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားစေရေး အတွက် လေ့ကျင့်ရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်

သွားရန်၊ ရှာဖွေ ကယ်ဆယ်ရေး အဖွဲ့များ တိုးချဲ့ ဖွဲ့စည်းရေး ဆောင်ရွက်သွားရန်၊ ရန်ကုန်တိုင်း ဒေသကြီး အတွင်း တည်ဆောက်ထား ရှိသော ဗဟိုထိန်းချုပ် ကွပ်ကဲမှုဌာနအား အဆင့် မြင့်တင် ဆောင်ရွက် သွားရန် တို့ဖြစ်ပါသည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) လူမှုဝန်ထမ်းဆိုင်ရာ လုပ်ငန်းစဉ်များ။ မူကြိုအရွယ်ကလေးများ ဘက်စုံ ဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်း ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ မိခင်ဝိုင်း စုစုပေါင်း (၃၈)ဝိုင်း ကိုတိုးချဲ့ဖွဲ့စည်းခြင်း၊ မိဘအသိပညာပေး နည်းပြ သင်တန်းများကို ဆောင်ရွက်ခြင်း၊ ကလေး(၁၀၀)ဆံ့ ကလေး ပြုစုရေး ဌာန(၁)ခုအား ရခိုင်ပြည်နယ်၊ စစ်တွေမြို့ တွင်လည်းကောင်း၊ ကလေး(၁၀၀) ဆံ့မူလတန်း ကြိုကျောင်း (၃)ကျောင်းအား အောင်ပန်း မြို့၊ ဘားအံမြို့နှင့် မြောင်းမြမြို့တို့တွင် တိုးချဲ့ဖွင့်လှစ်ခြင်း၊ အမျိုးသမီး များဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသား လုပ်ငန်း အစီအစဉ် (၂၀၁၂-၂၀၁၃)အားရေးဆွဲခြင်း၊ ကျား/မ တန်းတူ ညီမျှမှုဆိုင်ရာ သဘောတရား နှင့် အမျိုးသမီးအခွင့်အရေးများ အကြောင်း အသိပညာပေးမှု အစီအစဉ် များ ဆောင်ရွက်ခြင်းနှင့် ဖြည့်စွက်လုပ်ငန်း(၂၆)ခု ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

(ခခ) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းစဉ်များ။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ စီမံဆောင်ရွက်နိုင်ရန်အတွက် ခရိုင်ရုံး (၄)ရုံး၊ သိုလှောင်ရုံ (၄)ခုနှင့် ဝန်ထမ်းအိမ်ရာ (၂)ခု အပါအဝင် လုပ်ငန်းသစ် (၁၀)ခု၊ ဆောင်ရွက်ဆဲ လုပ်ငန်း(၁)ခု၊ ဖြည့်စွက် လုပ်ငန်း (၂၈)ခု၊ စုစုပေါင်း လုပ်ငန်း(၃၉)ခုနှင့် ရုံးသုံး စက်ကိရိယာ၊ ယာဉ်များနှင့် ပရိဘောဂများ ဖြည့်တင်းရန်၊ လိုအပ်သည့် ဝန်ထမ်းများခန့်အပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်(၆)ခု (မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်) တွင် သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်း (၆)ကြိမ် ဖွင့်လှစ်ခြင်း၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ(မူကြမ်း) အတည်ပြုပြီး

ပါက လိုအပ်သော ဖွံ့စည်းမှုများ ဆောင်ရွက်ပြီးနောက် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ ပြည်ထောင်စု အစိုးရ၏ အတည်ပြုချက်ရယူရေး ဆောင်ရွက်သွားခြင်းတို့ဖြစ်ပါ သည်။

(ဂဂ) မီးသတ်ဦးစီးဌာန လုပ်ငန်းစဉ်များ။ ခွင့်ပြုဖွဲ့စည်းပုံအရမီးသတ်စခန်း (၃၄၉) စခန်းတွင် အင်အား(၃၅၁၃)ဦး ရှိရာခွင့်ပြုအင်အား(၇၁၆၇)ဦး၏ သုံးပုံနှစ်ပုံ အင်အား ဖြစ်သော (၄၇၇၈)ဦးပြည့်မီရေးအတွက် လိုအပ် သော အင်အား (၁၂၆၅)ဦး ဖြည့်တင်း ခန့်ထားနိုင်ရေး ဆောင်ရွက်ခြင်း၊ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွင်း မီးသတ်ယာဉ် (၁)စီးတည်းသာ ရှိသည့် မြို့နယ် (၈၇) မြို့နယ်အား မီးသတ်ယာဉ်(၁)စီးစီ ဖြည့်တင်း ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံ ခွင့်ပြု ခဲ့ပြီးသည့် မြို့နယ်(၂၂) မြို့နယ်အား မီးသတ်ယာဉ် (၂)စီးနှုန်း ဖြည့်တင်းခြင်း၊ (၂၀၁၁-၂၀၁၂) ခုဘဏ္ဍာရေး နှစ်အတွင်း မြို့နယ်(၈၇)မြို့ နယ်အား မီးသတ်ယာဉ် (၁)စီးစီ ဖြည့်တင်း ဆောင်ရွက်ခြင်း၊ ဖွဲ့စည်း ပုံခွင့်ပြုခဲ့ပြီး (၁၉)စီးဖြည့်တင်းပြီး၊ ကျန်(၂၅) စီး ဆက်လက်ဖြည့်တင်း ဆောင်ရွက်ခြင်း၊ မြို့နယ်(၂၄)မြို့နယ်အား ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပါက မီးသတ်ယာဉ် (၂)စီးနှုန်း ဖြည့်တင်းရေး ဆောင်ရွက်သွားခြင်း၊မီးသတ် ဦးစီးဌာနတွင် နှစ်(၄၀) ကျော် သက်တမ်း လွန် မီးသတ်ယာဉ်(၄၁၈)စီးကို နှစ်စဉ်(၁၀%)ဖြင့် မီးသတ်ယာဉ်(၄၂)စီး လဲလှယ် ဖြည့်တင်းရေး ဆောင်ရွက် သွားခြင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် အပေါ့စား မီးသတ် စက်များကို စခန်းယူနစ် မှတ်ချက် အတိုင်း (၈၆)လုံး ဖြည့်တင်းခြင်း၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေရေး အမြန် ရေယာဉ်များကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် (၁)စီးနှုန်းဖြင့် စုစုပေါင်း(၄)စီး ဖြည့်တင်းခြင်း၊ ဆောက်လုပ် ရေးလုပ်ငန်း အနေဖြင့် မြို့နယ်၊ (၂၄)ခု တွင် ငွေလုံးငွေရင်း ခွင့်ပြုငွေဖြင့် စုစုပေါင်း လုပ်ငန်း(၂၇)ခု ဆောင်ရွက် သွားခြင်း၊ အရန်မီးသတ်တပ်ဖွဲ့များအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တွင် တိုင်းဒေသကြီး/ပြည်နယ် များ အလိုက် မြို့နယ်ပေါင်း (၃၃၀)တွင် တစ်မြို့နယ် လျှင်တပ်စိတ်(၁)စိတ် (၁၀)ဦးစီဖြင့် စုစုပေါင်းအင်အား (၃၃၀၀၀)ဦး ဖွဲ့စည်းခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်း သတ်ရေး

ပညာနှင့် ရှာဖွေကယ်ဆယ်ရေး ပညာရပ် သင်တန်း အကြိမ်ရေ (၄၀)ကြိမ်ဖြင့် သင်တန်းသားဦးရေ(၂၃၅၀)ဦးကို ဖွင့်လှစ် ပို့ချပေးခြင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားပေါ်ပေါက် လာပါက ချက်ချင်း တုံ့ပြန်ဆောင်ရွက်ရေး အတွက် လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ခရိုင်မြို့ကြီးများတွင် တပ်ဖွဲ့လျှင် အင်အား (၁၀၀)ဦး စီဖြင့် စုစုပေါင်း အင်အား (၇၂၀၀)ဦး ဖွဲ့စည်းပြီးဖြစ်ရာ ၊ (၂၀၁၂-၂၀၁၃) ဘဏ္ဍာရေး နှစ်တွင် ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်(၁၂၈) မြို့နယ်တွင် တစ်မြို့လျှင် (၅၀) ဦးဖြင့် အင်အား(၆၄၀၀)ဦး ဖွဲ့စည်းခြင်းတို့ ဖြစ်ပါ သည်။

(ည) အားကစား

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိစေရေး၊

(ခခ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှု ကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားစေရေး၊

(ဂဂ) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင် နိုင်မည့် ထူးချွန် ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား လူရည်ချွန် များမွေးထုတ်ရေး၊

(ဃဃ) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် အထောက် အကူပြုစေရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် လာစေရန် အမျိုးသား အားကစားလှုပ်ရှားမှုများကို အဆင့်ဆင့် နှစ်အလိုက် တိုးမြှင့် ဆောင်ရွက် သွားရေး၊

(ငင) အနီးကပ် ရည်မှန်းချက် အဖြစ် အနီးဆုံး အချိန်ကာလများ အတွင်း ကျင်းပပြု လုပ်သွားမည့် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲများတွင် မြန်မာ အားကစား အဖွဲ့ အောင်မြင်မှု ရရှိ ရေး၊

(၂) ရည်မှန်းချက်မှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) ၂၀၁၃ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ များတွင် ထိုက်သင့်သည့် အောင်မြင်မှု ဆုတံဆိပ် ရရှိရေးအတွက် နိုင်ငံ့ဂုဏ်ဆောင် နိုင်ကြမည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ် လူငယ်လူရွယ် အားကစား သမားများကို အားသစ်လောင်းနိုင်ရေး အတွက် စနစ်တကျ ရွေးချယ် သွားရန်၊

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) လူငယ်သွေးသစ် အားကစား သမားများကို ရွေးချယ်ရေး နယ်ပယ်များတွင် ရွေးချယ်ရေး နည်းလမ်းများအတိုင်း စီမံကိန်းကာလ အပြီးတွင် နှစ်စဉ် လူငယ်သွေးသစ်၊ မျိုးဆက်သစ် အားကစားသမား (၂၀၀)ဦး တိုး၍ (၁၁၀၀)ဦး ရရှိအောင် ရွေးချယ်မည်။

(ခခ) ကျွမ်းကျင်မှု အထူးလိုအပ်သော အားကစားနည်းများအတွက် သက်တမ်းလိုက် အားကစား ပြိုင်ပွဲများကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်၊ ဗဟိုအဆင့်များ ပြုလုပ်ပြီး လူငယ်သွေးသစ်၊ မျိုးဆက်သစ် အားကစားသမားများကို ရွေးချယ် မည်။

(ဂဂ) တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဖွင့်လှစ် ထားသော အားကစားနည်း သင်တန်းများမှ ပြိုင်ပွဲများ ပြုလုပ်ပြီး လူငယ်သွေးသစ်၊ မျိုးဆက်သစ် အားကစား သမားများကို ရွေးချယ် မည်။

(ဃဃ) အားကစားသုတေသန၏ ညှိနှိုင်းကူညီမှုဖြင့် အရပ်အမောင်းလိုအပ်သော အားကစားနည်းများတွင် အရွယ်ရောက်ချိန်တွင်ရှိမည့် အရပ်အမောင်း ကိုတွက်ချက်ကာ အလားအလာ ရှိသူများကို ငယ်ရွယ်စဉ်ကပင် သက်တမ်း အလိုက် ပြိုင်ပွဲများမှ ရွေးချယ် မည်။

(ငင) စီမံကိန်း နယ်မြေအနှံ့ လူငယ်မျိုးဆက်သစ် အားကစားသမားများ ရှာဖွေ ရွေးချယ်ဖော်ထုတ်ရေး လုပ်ငန်းစီမံချက်ကိုဆောင်ရွက် မည်။

- အားကစားပြက္ခဒိန်များအရ ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစား ပြိုင်ပွဲများ၊ အမျိုးသားတံခွန်စိုက် သက်တမ်းအလိုက် အားကစား ပြိုင်ပွဲများ၊ ဝန်ကြီးဌာန အဆင့်လိုက် အားကစားပြိုင်ပွဲများမှ ရွေးချယ် မည်။

- ပညာရေးဝန်ကြီးဌာနမှကြီးမှူးကျင်းပသည့် တက္ကသိုလ်နှင့် ကောလိပ် ပေါင်းစုံ အားကစား ပြိုင်ပွဲနှင့် အခြေခံပညာ ကျောင်းပေါင်းစုံ ကျောင်းသား အားကစား ပြိုင်ပွဲများမှ ရွေးချယ် မည်။
- ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် (ကြည်း၊ရေ၊လေ) ကာကွယ် ရေးဦးစီးချုပ်ဖလား ပြိုင်ပွဲများမှ ရွေးချယ် မည်။
- အားကစားသုတေသန ဘုတ်အဖွဲ့ဖြင့် မြို့နယ်၊ ခရိုင် တိုင်းဒေသကြီး နှင့် ပြည်နယ် နှင့် များသို့ သွားရောက်ပြီး ရွေးချယ် မည်။
- အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်နှင့်မန္တလေး) တို့မှ ရွေးချယ် ရေး ဘုတ်အဖွဲ့ဖြင့်အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် မြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စု များကို အခြေခံ၍ ရွေးချယ် မည်။
- စီမံကိန်းကာလအတွင်း ၂၀၁၅ ခုနှစ်၊ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ ကျင်းပသည့် အားကစားနည်း(၄၀)နည်းကို အခြေခံ၍ အမာခံ အားကစား သမားပေါင်း(၄၀၀)ဦး ရရှိသည် အထိ ရွေးချယ် မည်။

(စစ) နိုင်ငံ့ ဂုဏ်ဆောင် ထူးချွန် ထက်မြက်သော အားကစား သမားများ ပေါ်ထွက် လာစေရေး အတွက် ပြုစု ပျိုးထောင် လေ့ကျင့်ရေး လုပ်ငန်း စီမံချက် ကိုဆောင်ရွက်မည်။

- မြန်မာနိုင်ငံသို့ ပူးတွဲလေ့ကျင့်ရန်လာရောက်မည့် ပြည်ပနိုင်ငံများမှ လေ့ကျင့် ဘက်အားကစားသမား(၁၀၀)ဦး အထိ လက်ခံစခန်းသွင်းပြီး မြန်မာ့ လက်ရွေးစင် အားကစားသမားများနှင့် အတူပူးတွဲလေ့ကျင့် မည်။
- (၃၂)ကြိမ်မြောက်၊ (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲများ နှင့် (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲများအတွက် ပြည်ပမှနည်းပြများ ငှားရမ်းခေါ်ယူ လေ့ကျင့်ရေး နှင့် အလားအလာရှိသော အားကစားသမားများကို ပြည်ပသို့ပူးတွဲ လေ့ကျင့်ရေး စေလွှတ်မည်။
- နှစ်စဉ် အားကစားနည်း(၁၅)ခု အတွက်၊ အဆင့်မြင့်နည်းပြနှင့် ဒိုင် သင်တန်း များ ဖွင့်လှစ်မည်။

- အလား အလာရှိသော မျိုးဆက်သစ် အားကစား သမားများကို လက်ရွေးစင် ဟောင်းများ နေရာတွင် အစားထိုးလေ့ကျင့်မည်။
- သတ်မှတ် အရည်အချင်းနှင့် ကိုက်ညီသူများကို အားကစားနည်း (၁၀)မျိုး အတွက် (၃)ဦးကျစီ ပြည်ပသို့စေလွှတ်မည်။
- တိုင်းဒေသကြီး/ပြည်နယ် အားလုံးရှိ မြို့နယ်အားလုံး၏ ထက်ဝက်တွင် အားကစား အကြို လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်မည်။
- မြေမြင့်ဒေသ လေ့ကျင့်ရေးရယူလိုသော ပြည်ပနိုင်ငံများမှ အားကစားသမား(၁၀၀)ဦးအထိ တောင်ကြီးနှင့် ပြင်ဦးလွင်မြို့များရှိ အားကစားအကြို လေ့ကျင့်ရေး စခန်းများတွင် လက်ခံလေ့ကျင့်ပေးမည်။
- ကျောင်းများတွင် အားကစားဘာသာရပ်ကို ပြိုင်ပွဲဝင်အဆင့်မြင့် နည်းစနစ် များ ဖြည့်စွက်လေ့ကျင့်ပေးမည်။

(ဆဆ) နိုင်ငံတကာပြိုင်ပွဲများသို့ အဆင့်ဆင့် တက်လှမ်း ယှဉ်ပြိုင်အောင်နိုင်ရေး လုပ်ငန်းစီမံချက်

- အားကစား ပြက္ခဒိန်အရ ကျင်းပသည့် တိုင်းဒေသကြီး/ ပြည်နယ် အားကစားပြိုင်ပွဲ များတွင် တိုင်းဒေသကြီး/ပြည်နယ် အားလုံး ပြိုင်ပွဲတိုင်းရာနှုန်းပြည့် ပါဝင်ယှဉ်ပြိုင်ရေး အတွက် တွန်းအားပေး ဆောင်ရွက်ရန်၊
- ပဥ္စမ(၅)နှစ် စီမံကိန်း ကာလအတွင်း အခြေခံပညာ ကျောင်းပေါင်းစုံ ကျောင်းသား အားကစားပွဲတော် (၂)ကြိမ် ကျင်းပသွားရန်၊
- တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ (၁)ကြိမ် ကျင်းပရန်၊
- အမျိုးသားအားကစားပွဲတော်ကျင်းပရန်၊
- အထက်/အောက် မြန်မာပြည် အားကစားပြိုင်ပွဲ၊ အားကစားနည်း (၁၀)မျိုးကို ရန်ကုန်နှင့် မန္တလေးမြို့ များတွင် (၂)နှစ် (၁)ကြိမ် တစ်လှည့်စီ ကျင်းပပြုလုပ်သွား ရန်၊
- မြန်မာကြေးစား ဘောလုံးသမား များအား ပြည်ပသို့ ဆက်လက်ငှားရမ်း စေလွှတ်၍ မြန်မာနည်းပြ များအား ပြည်ပမှ ငှားရမ်းရန်ကမ်းလှမ်းခေါ်ယူမှု ရှိပါကလည်း စေလွှတ်ပေးရန်၊
- နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲများ (၁)နှစ်လျှင် (၆)ပွဲစီ လက်ခံကျင်းပရန်၊

- (၃၂)ကြိမ်မြောက်နှင့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ များတွင် ထိပ်ပိုင်းနေရာ၌ ဆက်လက် ရပ်တည် နိုင်ရေး ထိန်းသိမ်း ထားရန်၊
- (၁၉)ကြိမ် မြောက်နှင့် (၂၀)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲများတွင် နိုင်ငံအလိုက် အဆင့်(၁၀) အတွင်း ရပ်တည်နိုင်ရေး ဆက်လက် ကြိုးစား ဆောင်ရွက်ရန်၊
- မြန်မာ့ရိုးရာ အားကစားနည်း (၃)မျိုးဖြစ်သော ခြင်းလုံး၊ သိုင်း၊ ရိုးရာလက်ဝှေ့ အနက်(၁)မျိုးကိုအရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် သရုပ်ပြအားကစား နည်းအဖြစ် သတ်မှတ်ပါဝင်ရေး ဆောင်ရွက်ရန်၊

(ဋ) နိုင်ငံခြားရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကျင့်သုံးရေး၊

(ခခ) အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရန် နယ်နိမိတ် သတ်မှတ် ခြင်းများအားဆောင်ရွက်ရေး နှင့် မိမိနိုင်ငံတော်၏ အကျိုး၊ နိုင်ငံသားတို့၏ အကျိုး ကို ကာကွယ်စောင့်ရှောက်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံ အသိုက်အဝန်း ထူထောင်ရေး လုပ်ငန်း စဉ်များ ကိုဖော်ဆောင်ရန်၊

(ခခ) ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သော အာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ် စသော အဖွဲ့အစည်းများ၊ အိမ်နီးချင်း နိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံ၍ နိုင်ငံတော်၏ ကုန်သွယ်မှု အခန်းကဏ္ဍများကို တိုးတက်လာအောင် ဈေးကွက်အခွင့်အလမ်း ရအောင် ညှိနှိုင်း ဆောင်ရွက်သွားရန်၊

(ဂဂ) နိုင်ငံတော်၏ ဘဏ္ဍာငွေကို စနစ်တကျ အကျိုးရှိစွာ ခြိုးခြံချွေတာ သုံးစွဲရန်၊

(ဃဃ) မိမိနိုင်ငံတော်၏ အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ် စောင့်ရှောက် ရန်၊

(ငင) နိုင်ငံတကာ မျက်နှာစာတွင် ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စွမ်းအင် စိုက်ပျိုးရေးစသည့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက် သွားရန်၊

(စစ) ပြည်ပနိုင်ငံများတွင် သံရုံးများ အသစ်ဆောက်လုပ်ခြင်းနှင့် ရှိပြီးသော နိုင်ငံပိုင် အဆောက်အဦများကို ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်း ရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ရန်၊

(ဆဆ) ပြည်ပနိုင်ငံများရှိ နိုင်ငံသားများ အကျိုး ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့ နိုင်ငံတော် သို့ပေးဆောင်ရမည့် အခွန်ငွေကိုမှန်ကန်စွာ ရရှိရေး ဆောင်ရွက်ပေးရန်၊

(ဇဇ) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေး အတွက် အာဆီယံ နိုင်ငံများနှင့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက် သွားရန်၊

(ဈဈ) နိုင်ငံတော်၏ တိုင်းတာပြီး နယ်နမိတ်များ ပြန်လည် စစ်ဆေးရန်၊

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော အာဆီယံ၊ဘင်းမ်စတက်၊ဂျီအမ်အက်စ် စသော အဖွဲ့အစည်းဝင် နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက် ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ဈေးကွက် အခွင့်အလမ်း ပို၍ ရရှိစေမည်ဖြစ်သည်။

(ခခ) အစ္စလာမ်မာဘတ်မြို့ မြန်မာသံရုံးအဆောက်အဦ၊ သံအမတ်ကြီးနေအိမ်၊ စစ်သံမှူးနေအိမ် နှင့်သံရုံးနှင့်စစ်သံရုံးရှိ ဝန်ထမ်းများနေအိမ် ဆောက်လုပ် ခြင်းနှင့် ခြံစည်းရိုး ကာရံခြင်းတို့ အတွက်စီမံကိန်းတန်ဖိုးမှာ ကျပ် ၁၁၇.၄၃၁ သန်း(အမေရိကန်ဒေါ်လာ ၀.၁၄၇ သန်း)ဖြစ်ပြီး၊၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွင်း ပြီးစီးမည်ဟု ခန့်မှန်းထားပါသည်။ မြန်မာသံရုံး ပါရီမြို့ ၊ သံအမတ်ကြီး နေအိမ် မွမ်းမံရန် ငွေကျပ် ၂၂၇၀.၇၃၈ သန်း (အမေရိကန်ဒေါ်လာ ၂.၈၃၈သန်း)၊ တိုကျို မြို့ရှိ မြန်မာသံရုံးအမိုး၊ လှေခါး၊ နံရံ များ၊ မြေညီထပ်မျက်နှာကျက်၊ မီး သတိ ပေးစနစ်မွမ်းမံရန်

ငွေကျပ် ၃၃၀၁.၂၈၅ သန်း (အမေရိကန်ဒေါ်လာ ၄.၁၂၇ သန်း)၊ နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် အကြီးအကဲ နေအိမ်မွမ်းမံရန် ကျပ် ၁၇၉.၃၇၀သန်း (အမေရိကန်ဒေါ်လာ ၀.၂၂၄ သန်း)၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့ သံရုံး နှင့်အကြီးအကဲ နေအိမ် မွမ်းမံ ရန် ကျပ် ၄၄.၇၇၀ သန်း(အမေရိကန်ဒေါ်လာ ၀.၀၅၆ သန်း)၊ မြန်မာ သံရုံး၊ လန်ဒန်မြို့ ၊ သံရုံး အကြီးအကဲနေအိမ်၊ ဝန်ထမ်းနေအိမ် များမွမ်းမံ ရန် ကျပ် ၅၉၁.၅၆၀ (အမေရိကန် ဒေါ်လာ ၀.၇၃၉ သန်း) တို့အား အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာ မြန်မာသံရုံး၊ အဖွဲ့ရုံး အသီးသီး၏ အဆောက်အဦ ဥပဓိရုပ်ကို ကောင်းမွန် စေမည် ဖြစ်သည်။

(ဂဂ) သံရုံးများ အနေဖြင့် ကမ္ဘာလှည့်ခရီးသွား ကဏ္ဍကို ကျယ်ကျယ်ပြန့် ပြန့် ကြော်ငြာ ပေးခြင်းဖြင့် မြန်မာကို နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက် ပေးလျက် ရှိပါသဖြင့် မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့် ခရီးသည် ဦးရေ နှစ်စဉ် တိုးလျက်ရှိသည်။

(ဃဃ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်၏ ရေပိုင်နက် နယ်နိမိတ်အား မထိပါးစေရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ် သတ်မှတ် ရေး ညှိနှိုင်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

(၄) နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်၊

(ခခ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ပေးရန်၊

(ဂဂ) နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်နှင့် အညီ ကျေးလက် လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်၊

(ဃဃ) အသေးစား ပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ပေးရန်။

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက) နယ်စပ်ဒေသရှိ တိုင်းရင်းသား လူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်း ဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခခ) တိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(ဂဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဃဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝ ချုပ်ငြိမ်းစေရန်၊

(ငင) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာ ရေးတို့ကို ထိန်းသိမ်းရန်၊

(စစ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများသည် တကွဲသိုလ်တွင် ခင်မင် ရင်းနှီးစွာ နေထိုင်လျှက် ပညာရှာမှီးကြရင်း ပြည်ထောင်စုစိတ်ဓါတ် ခိုင်မြဲမှုရှိစေရန်၊

(ဆဆ) ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိ ဒေသတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်စေရန်၊

(ဇဇ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓါတ် များ ရှင်သန်ပွားများစေရန်၊

(ဈဈ) နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက် ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်(၈)ရပ်မှ ကျေးလက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ အကောင်အထည် ဖော် ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူး ဖွံ့ဖြိုးရေး ဒေသများ သတ်မှတ် ဆောင်ရွက်မည်။

(ခခ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နှစ်တို နှစ်ရှည် စီမံကိန်းများ ရေးဆွဲတင်ပြမည်။

(ဂဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အတည်ပြု ချမှတ်ပေးထားသော နှစ်တိုနှစ်ရှည် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဃဃ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက လတ်တလော ဆောင်ရွက်ရန် ချမှတ်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ငင) အထူးဖွံ့ဖြိုးရေး ဒေသများ ဖွံ့ဖြိုးရေးအတွက် အောက်ပါ လုပ်ငန်းများ ဆောင်ရွက်မည်။

- စိုက်ပျိုးရေးလုပ်ငန်း၊
- မွေးမြူရေးလုပ်ငန်း၊
- သစ်တောလုပ်ငန်း၊
- သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်း၊
- စွမ်းအင်လုပ်ငန်း၊
- လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊
- ဆက်သွယ်ရေးလုပ်ငန်း၊
- ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊
- ကျန်းမာရေးလုပ်ငန်း၊
- ပညာရေးလုပ်ငန်း၊
- သာသနာရေးလုပ်ငန်း၊
- အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း။

(စစ) နယ်စပ်ဒေသအသီးသီးတွင် နေထိုင်သော တိုင်းရင်းသားလူငယ်များကို အခြေခံ ပညာရေး အထက်တန်းအထိ အခမဲ့ ဆက်လက် ပညာသင်ကြားပေးမည်။

(ဆဆ) အခြေခံပညာအထက်တန်း အောင်မြင်သည့် တိုင်းရင်းသား လူငယ်များကို ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ တက်ရောက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးမည်။

(ဇဇ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အတူတကွ နေထိုင် ပညာရှာမှီးရင်း တိုင်းရင်းသား အချင်းချင်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ

ကို နားလည်ရင်းနှီး ချစ်ကြည်စေပြီး ပြည်ထောင်စုစိတ်ဓါတ် ခိုင်မြဲလာစေရန် ပြုစုပျိုးထောင်ပေးမည်။

(ဈဈ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး ဟူသော အသိစိတ်ဓါတ်များ ကိန်းအောင်းစေရန် ပျိုးထောင် ပေးမည်။

(ညည) အဆင့်မြင့်ပညာရပ်များ တတ်မြောက်ပြီးချိန်တွင် မိမိဒေသ ဖွံ့ဖြိုးရေး လုပ်ငန်း များကို ဝန်ကြီးဌာနအသီးသီးတွင် လုပ်ငန်းတာဝန်များ ခန့်အပ်၍ ကျရာအခန်း ကဏ္ဍမှ ပါဝင် ဆောင်ရွက်စေမည်။

(စစ) နယ်စပ်ဒေသရှိ တိုင်းရင်းသူများကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြား တတ်မြောက်သည့် အသက်မွေးဝမ်းကြောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည် အထိ ကူညီ ဆောင်ရွက် ပေးမည်။

(ဆဆ) နယ်စပ်ဒေသများတွင် အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်အနာဂတ်တွင်ဒေသတွင်း ကျွမ်းကျင်လုပ်သားများ ဖြစ်ထွန်းလာစေရန် ဆောင်ရွက် မည်။

(ဇဇ) အထူးဖွံ့ဖြိုးရေးဒေသများတွင် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားရေး အတွက် ဆောင်ရွက်မည်။

(ဈဈ) ဘိန်းစိုက်ပျိုးခြင်းအစား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ပေးရေးအတွက် ဆောင်ရွက်မည်။

(ညည) အထူးဖွံ့ဖြိုးရေးဒေသရှိ နယ်ခြား နယ်နိမိတ်ကျောက်တိုင်များ၊ အထိမ်းအမှတ် များ ကို ထိန်းသိမ်း စောင့်ရှောက်မည်။

(ဋဋ) ကျေးလက်ဒေသနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်မည်။

(ဌဌ) နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းစဉ်(၈)ရပ်ပါ ကျေးလက် လူမှု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ မြို့ပြနှင့် ကျေးလက်ဒေသနေ ဆင်းရဲ နွမ်းပါးသည့် ခေါင်းရွက်ဗျတ်ထိုး ပျံကျဈေးသည်များ၊ အနေးယာဉ် လုပ်သားများနှင့် အလတ်တန်းစား ဈေးသည်များ ငွေကြေး

အရင်းအနှီးများ ရရှိစေရေး အတွက် အသေးစား ချေးငွေ လုပ်ငန်းများ ဆောင်ရွက်မည်။

(၃) ကာကွယ်ရေး

(၁) မူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကက) ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အင်အား တောင့်တင်းပြီးစွမ်းရည် ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ရန်၊

(ခခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲ ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့် ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည် နှင့်အညီ ထိုတာဝန် များကို ထမ်းဆောင်နိုင်သည့် တပ်မတော် ဖြစ်ရန်၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) နိုင်ငံတော်အားပြည်တွင်း၊ ပြည်ပ အန္တရယ်များမှ ကာကွယ်ရေး အတွက် တပ်မတော်က ဦးဆောင်ရမည်။

(ခခ) တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၏ သဘောတူ ညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူ တစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့် ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင် ရမည်။

(ဂဂ) နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရယ် များ ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်။

(ဃဃ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲ ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့် ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

(ငင) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် စောင့် ရှောက်ရန် တာဝန်ရှိသည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) တပ်မတော်သည် နှစ်စဉ်နှင့် ကာလတိုငါးနှစ်စီမံကိန်းများကို နိုင်ငံတော်မှ နှစ်စဉ် ခွင့်ပြုသော ဘဏ္ဍာငွေ အပေါ်တွင် အများဆုံး အခြေခံ၍ လုပ်ငန်း စီမံကိန်း များကို ရေးဆွဲလျက် ရှိပါသည်။ ခွင့်ပြုဘဏ္ဍာငွေမှ ငွေလုံးငွေရင်း အသုံးစရိတ်သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ပါဝင်ပြီး ဆောက်လုပ်ရေး ကဏ္ဍ ၊စက်ပစ္စည်း နှင့် စက်ကိရိယာများ ဝယ်ယူ တပ်ဆင် ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်သဖြင့် နှစ်ရှည် အကျိုးကျေးဇူး များ ခံစားရမည်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ဘဏ္ဍာငွေလျော့ချ သုံးစွဲ နိုင်ရန်၊

(ခခ) ရင်းနှီးမြှုပ်နှံထားသော တပ်မတော်စက်ရုံ ၊ အလုပ်ရုံများတွင် လည်ပတ် သုံးစွဲလျက်ရှိသော သာမန်အသုံးစရိတ် သည်လည်း စက်စွမ်းအားပြည့် ထုတ်လုပ်နိုင် သလောက် နိုင်ငံခြားမှ နှစ်စဉ် ဝယ်ယူသုံးစွဲနေရသည့် စစ်ပစ္စည်းများ၏ ကုန်ကျစရိတ်ကို လျော့ချ နိုင်ပြီး ကာကွယ်ရေး အသုံး စရိတ်ကိုလည်း လျော့ချ သုံးစွဲနိုင်ရန်၊

(ဂဂ) နိုင်ငံတော်၏ဘတ်ဂျက်အပေါ်မှီခိုခြင်းမရှိသော တိုင်းစစ်ဌာနချုပ် များရှိ တပ်ရင်း/တပ်ဖွဲ့အလိုက် တစ်အုပ်တစ်မ မှ တစ်ပိုင်တစ်နိုင် အထိ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများကိုလည်း တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးတိုးတက်စေရန်အတွက် သားငါး ကဏ္ဍ၊ စက်မှုကဏ္ဍ များကို ကဏ္ဍအလိုက် ဆောင်ရွက်ရန်၊

(ဃဃ) နိုင်ငံတော်၏ ဘတ်ဂျက်အပေါ် မှီခိုခြင်းမရှိသော တပ်နယ်အတွင်း စည်ပင်သာယာရေး၊ ကျန်းမာရေး၊ စည်းကမ်းသေဝတ်ရေး နှင့် လုံခြုံရေး ကို အထောက်အကူပြုသည့် တပ်မြို့ စည်ပင်သာယာရေး အဖွဲ့(၉)ဖွဲ့ ကိုလည်း ဝန်ဆောင်မှုကဏ္ဍအဖြစ် စစ်ထောက်ချုပ်ရုံး မှကြီးကြပ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စား ဥပဒေ နှင့်အညီစီမံ ဆောင် ရွက်ပေးရန်၊

(ဃ) ပြည်ထဲရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) ပြည်ထဲရေးဝန်ကြီးဌာန၏အဓိကတာဝန်သည်
နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်ရေးဖြစ်သည်။

(ခခ) အဆိုပါအဓိကတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ပြည်ထဲရေး ဝန်ကြီး ဌာနအနေဖြင့် စွမ်းရည်(၄)ရပ် ဖြစ်သည့် လုပ်ငန်းစွမ်းရည်၊ လုံခြုံရေးစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်၊ အုပ်ချုပ်ရေး စွမ်းရည်တို့ ထက်မြက်နေရမည်။

(ဂဂ) ထိုကဲ့သို့ စွမ်းရည်ထက်မြက်စေရန် ဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက် တပ်ဖွဲ့/ ဦးစီးဌာနများသည် စံ(၅)ရပ်ဖြစ်သည့် စိတ်ဓါတ်ကောင်းမွန်မှု၊ စည်းကမ်း ကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်း ပြည့်ဝမှုတို့ရှိစေရေး ဦးတည်ဆောင်ရွက်ရမည်။

(ဃဃ) ၎င်းအပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက် တပ်ဖွဲ့/ဦးစီး ဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းတိုင်းသည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝ ရမည်၊ ခေတ်မီ ရမည် ဆိုသည့်အချက်များမှာ ပြည်ထဲရေးဝန်ကြီးဌာန၏ မူဝါဒများ ဖြစ်ပေသည်။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) နိုင်ငံတော်လုံခြုံရေး၊

(ခခ) တရားဥပဒေစိုးမိုးရေး၊

(ဂဂ) ရပ်ရွာအေးချမ်းသာယာရေး၊

(ဃဃ) ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက) တည်ဆောက်ရေးတာဝန်ကြီး (၄)ရပ်ဖြစ်သည့် စိတ်ဓါတ်တိုးတက် မြင့်မား ရေး၊ လေ့ကျင့်မှု မပြတ်ဆောင်ရွက်ရေး၊ သက်သာ ချောင်ချိရေး လုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး၊ အုပ်ချုပ်မှုစနစ်မှန်ကန်ရေးတို့နှင့် တည်ဆောက်မည်။

(ခခ) အမြင်(၅)မြင်ဖြစ်သည့် နိုင်ငံရေးအမြင်၊ စစ်ရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ နိုင်ငံတကာအမြင်တို့ဖြင့် လုပ်ဆောင်မည်။

(ဂဂ) နိုင်ငံတော်၏မူဝါဒများကိုလိုက်နာမှု၊ အခြေခံသဘောတရားနှင့် ကိုက်ညီမှု၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုတို့ဖြင့် ကြိုးကြိုးစားစား ရိုးရိုး သားသား လုပ်ကိုင်မည်။

(ဃဃ) ပြည်ထဲရေး ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်ရန် တပ်ဖွဲ့/ဦးစီးဌာနများအလိုက် ရည်မှန်းချက် တာဝန်များ ချမှတ်ပြီး လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည်။

(ငင) မြန်မာနိုင်ငံရဲတပ်ဖွဲ့။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

- ရပ်ရွာအေးချမ်းသာယာရေး၊
- တရားဥပဒေစိုးမိုးရေး၊
